မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်၊ ၂၀၀၇ ခုနှစ်၊ ဩဂုတ် ၁၈ ရက်၊ စနေနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၁၇)

အမျိုးသားညီလာခံ စုံညီအစည်းအဝေး ဆက်လက်ကျင်းပ

ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးအကြံပြုချက်စာတမ်းများကို အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ကျသဘာပတိအဖွဲ့က ကောက်နုတ်စုစည်းတင်ပြ

ရန်ကုန် ဩဂုတ် ၁၇

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ် အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက် သင့်သည် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေး အကြံပြုချက်စာတမ်းများကို အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ကျသဘာပတိ အဖွဲ့က ကောက်နုတ်စုစည်းတင်ပြသည်။

တက်ရောက်

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီ၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၊ *စာမျက်နှာ ၃ ကော်လံ ၁* ✡

အမျိုးသားညီလာခံ စုံညီအစည်းအဝေး

အမျိုးသားညီလာခံ စုံညီ အစည်းအဝေးတွင် သဘာပတိ၊ သဘာပတိ အဖွဲ့ဝင်များနှင့် တက် ရောက်ကြသည့် အမျိုး သားညီလာခံ ကိုယ်စား လှယ်များအား တွေ့ရ စဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဖွံ့ဖြိုးရေးသည် ပြည်သူလူထု၏ တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဩဂုတ် ၁၈ ရက်)

မြန်မာ့တိုင်းရင်းဆေးစွမ်းကောင်းများ ဖော်ထုတ်ထိန်းသိမ်း ပြည်သူများ၏ကျန်းမာရေး စောင့်ရှောက်မှုမြှင့်တင်

ရှေးနှစ်ပေါင်းများစွာကပင် မြန်မာတိုင်းရင်းဆေးသမားတော်များသည် မြန်မာ့တိုင်းရင်းဆေးများကို စိမ်ဖော်ထုတ် အသုံးပြုခဲ့ကြသည်။

မြန်မာ့တိုင်းရင်းဆေးများတွင် သစ်ရွက်၊ သစ်သီး၊ သစ်မြစ်၊ သစ်ဥများ စသည့် ရေထွက်၊ မြေထွက် ပစ္စည်းများပါဝင်ပြီး ပင်ကိုအားဖြင့် အစွမ်းထက်လှသည်။

ယခုအခါ နိုင်ငံတော်က တိုင်းရင်းဆေးပညာ အရည်အသွေးမြင့်မားရေးအတွက် တိုင်းရင်းဆေးတက္ကသိုလ် ဖွင့်လှစ်၍ တိုင်းရင်းဆေးသမားတော်များ မွေးထုတ်ပေးလျက်ရှိပြီး တိုင်းရင်းဆေးရုံနှင့် ဆေးကုသဌာနများကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးခဲ့သည်။

ကျန်းမာရေးဌာနများနှင့် အလှမ်းဝေးသည့် ဒေသများတွင် ကျေးလက်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို အထောက်အကူပြုစေမည့် တိုင်းရင်းဆေးသေတ္တာများ ဖြန့်ဝေပေးလျက်ရှိသည်။ ယင်းတိုင်းရင်းဆေးသေတ္တာတွင် အအေးမိခြင်း၊ အစာမကြေခြင်း၊ လေထိုးလေအောင့်ဖြစ်ခြင်း၊ အကြောတက်ခြင်း၊ ချောင်းဆိုးခြင်း၊ ဝမ်းပျက်ဝမ်းလျှောခြင်း စသော ရောဂါဝေဒနာများ သက်သာပျောက်ကင်းစေသည့် ဆေးဝါးများ ပါရှိသည်။

မြန်မာ့တိုင်းရင်းဆေးသေတ္တာများကို နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်လယ်ဝေးနှင့် နေပြည်တော်တပ်ကုန်းတို့ရှိ ကျေးရွာပေါင်း၄၄ရွာ တို့သို့ ဖြန့်ဝေပေးခဲ့ပြီး ပိုမိုကောင်းမွန်သည့် အစီအမံများဖြင့် တစ်နိုင်ငံလုံးသို့ အဆင့်လိုက် ဆက်လက်ဖြန့်ဝေသွားမည်ဟု သိရသည်။

သို့ဖြစ်ရာ ကျန်းမာရေးဝန်ကြီးဌာန၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် စေတနာရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် တိုင်းရင်းဆေးဆရာများ၏ အစွမ်းထက်ဆေးဝါးများ ဆက်လက်ဖော်ထုတ်ကာ ကျေးလက်ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက် ပေးသွားနိုင်မည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ်ချေမှုန်းကြ။

ဩဂုတ်၁၂ရက်ကသဃ်န်းကျွန်း မြို့နယ် အောင်မြေရတနာစာသင် တိုက် သုမင်္ဂလာအိမ်ရာဝင်းကျောင်း ၏ သာသနာ့ဓဇ မဟာစရိယဘွဲ့ရ အရှင်နှစ်ပါး ဂုဏ်ပြုပွဲနှင့် ဝါဆို သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ကျင်းပရာ ကျောင်းအကျိုးတော် ဆောင်အဖွဲ့က ဘွဲ့တံဆိပ်ဆက်ကပ် လှူဒါန်းစဉ်။ (က–ပ)

မြဝတီရုပ်မြင်သံကြား

၁၈–၈–၂၀၀၇ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၁၅	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၅	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂:၀၀	၁။	မြဝတီအဖွင့်
၁၂:၀၅	၂။	အဖွင့်သီချင်း
၁၂:၁၀	၃။	မျိုးချစ်တပ်မတော်
၁၂:၂၀	၄။	သာယာသီကြွေး ခေတ်ဆန်းတေး
၁၂:၂၅	၅။	ကျန်းမာသုတ
၁၂:၃၀	၆။	ရုပ်မြင်သံကြားဇာတ်လမ်း **မမစိမ်း** ဇင်ဝိုင်း၊ ခင်သန်းနု၊ မေသန်းနု (ဒါရိုက်တာ–မောင်တင်ဦး)
၁၃:၅၀	၇။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၄:၃၅	၄။	ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၅:၃၅	၅။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၆။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၇။	နိုင်ငံတကာသတင်း
၆:၃၀	၈။	အမျိုးသားရေးတေးကဗျာ
၆:၄၀	၉။	လျှပ်တစ်ပြက်
၆:၄၅	၁၀။	အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၇:၀၀	၁၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြင်မြင်ချင်းပဲကွယ်** (အပိုင်း–၂၃)
၈:၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၃။	မိုးလေဝသသတင်း
	၁၄။	အမျိုးသားရေးတေးကဗျာ
	၁၅။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိုင်းလောကမုန်တိုင်း** (ဒုတိယတွဲ) (အပိုင်း–၂၅)

အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးနှင့် အလှအပ ဗဟိုဌာန မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ဖဲကြိုးဖြတ်ဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၁၇

မြန်မာနိုင်ငံ၌ ပထမဦးဆုံး နိုင်ငံတကာအဆင့်မီ အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးနှင့်အလှအပဗဟိုဌာန (International Health & Beauty Centre) IHBC ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်၁၂ရက် နံနက်၉နာရီက ရန်ကုန်မြို့ အမှတ်(၃၆၅/၃၆၇) ဗိုလ်အောင်ကျော်လမ်းရှိ အဆိုပါအဆောက်အအုံရှေ့၌ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တက်ရောက်၍ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

တက်ရောက်

အဆိုပါ အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးနှင့် အလှအပဗဟိုဌာန ဖွင့်ပွဲ အခမ်းအနားသို့ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးနှင့် အလှအပ ဗဟိုဌာနလုပ်ငန်းဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးတို့က အပြည်ပြည်ဆိုင်ရာ ကျန်းမာ ရေးနှင့် အလှအပဗဟိုဌာနကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

လှည့်လည်ကြည့်ရှု

ထို့နောက် မြို့တော်ဝန်နှင့် အခမ်းအနားသို့ တက်ရောက်လာသည့် ဧည့်သည် များက IHBC အဆောက်အအုံအတွင်း ခင်းကျင်းပြသ ဖွင့်လှစ်လျက်ရှိသော မြေညီထပ်ရှိ အလှအပပစ္စည်းမျိုးစုံ အရောင်းခန်းမ၊ ဆေးနှင့် ဆေးပစ္စည်းအရောင်း ဆိုင်တို့ကို လည်းကောင်း၊ ပထမထပ်ရှိ အရေပြားနှင့် လေဆာအထူးကုဆေးခန်း၊ ဆံပင်နှင့် အလှပြုပြင်ရေးဌာန၊ အလှကုန်ပစ္စည်းဆိုင်နှင့် အလှပြုပြင်ရေးဌာန၊ မျက်နှာနှင့် ခန္ဓာကိုယ်အလှအပ ပြုပြင်ရေးဌာနနှင့် မျက်နှာအလှပြုပြင်ရေးနှင့် ခန္ဓာကိုယ်အဆီချ အချိုးအစားပြုပြင်ရေးဌာန တို့ကိုလည်းကောင်း၊ ဒုတိယထပ်ရှိ ခေတ်မီအဆင့်မြင့် ဓာတ်ခွဲခန်းနှင့် အထူးကုဆေးခန်း၊ ကျန်းမာရေး စစ်ဆေးခြင်းနှင့် ရောဂါရှာဖွေရေးဌာနနှင့် တတိယထပ်ရှိ သွားဆေးခန်းနှင့် သွားအလှပြုပြင်ရေးဌာန၊ အမျိုးသမီးရောဂါရှာဖွေရေးနှင့်ကုသရေးဌာနနှင့် IHBC ၏အစည်းအဝေးခန်းမတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုကြပြီး ဖွင့်ပွဲအခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ပိတ်ရက်မရှိဖွင့်လှစ်

အဆိုပါ IHBC ကို နေ့စဉ် နံနက် ၉နာရီမှ ည၈နာရီအထိ ပိတ်ရက်မရှိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကုန်သွယ်မှုမြှင့်တင်ရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် ဩဂုတ် ၁၇

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန မူဆယ်၁၀၅မိုင် ကုန်သွယ်ရေးဇုန်၌ ဩဂုတ် ၅ရက်က နယ်စပ် ကုန်သွယ်ရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ကုန်သွယ်မှုမြှင့်တင်ရေး ညှိနှိုင်းအစည်း အဝေးကျင်းပရာ နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ ဒုတိယ ညွှန်ကြားရေးမှူး၊ OSSအဖွဲ့မှ တာဝန်ရှိ သူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသအာဏာပိုင်များ၊ မူဆယ်–နမ့်ခမ်း ကုန်သည်ကြီးများအသင်းမှ ကုန်သည် ကြီးများ၊ လုပ်ငန်းရှင်များနှင့် ကုမ္ပဏီ ဝန်ထမ်းများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကုန်သွယ်မှု မြှင့်တင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ဒေသထွက်ကုန်များ ပိုမို တိုးမြှင့် တင်ပို့နိုင်ရေး၊ နိုင်ငံတော် အတွက် ရသင့်ရထိုက်သော အခွန်အခ အပြည့်အဝရရှိရေး၊ မသမာမှုများ ကင်းရှင်းရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုအဆင်ပြေလွယ်ကူချောမွေ့စေရေး တို့အတွက် ဆွေးနွေး ညှိနှိုင်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✡ **ရှေ့ဖုံးမှ**

ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီနှင့် 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာန အသီးသီးတို့မှ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် တိုင်းရင်းသားအဖွဲ့အစည်းများဖြစ်ကြသော ရှမ်းပြည်နယ် (မြောက်ပိုင်း)အထူးဒေသ(၁)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ (၂)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၃)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၅) (KDA)၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ (၆)၊ ကချင်ပြည်နယ်အထူးဒေသ(၁)၊ ကချင်ပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီအမျိုးသား ဒီမိုကရက်တစ်ပါတီ(KNDP)(နဂါး)အဖွဲ့၊ ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP) ခွဲထွက်(ဟိုယာ)၊ ကရင်နီအမျိုးသားစည်းလုံးညီညွတ်ရေးပါတီ (ကမစည)၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး (DKBA)၊ ဟောင်သရော အထူးဒေသအဖွဲ့၊ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ခဲ့ကြသည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့၊ ဗမာပြည်ကွန်မြူနစ်ပါတီ (ရခိုင်အဖွဲ့)၊ ရခိုင်တပ်မတော် (AA) အဖွဲ့၊ ဟိုမိန်းဒေသဖွံ့ဖြိုးရေးနှင့် သက်သာချောင်ချိရေးအဖွဲ့၊ ရွှေပြည်အေး(MTA) အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေ ပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင်ငြိမ်းချမ်းရေးအဖွဲ့ (ချောင်ချိဒေသ)နှင့် မွန်(ခွဲထွက်) နိုင်စိုက်ချမ်းအဖွဲ့တို့မှ အမျိုးသားညီလာခံကိုယ်စားလှယ်များတက်ရောက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးမစတင်မီ နံနက် ၇ နာရီခွဲမှ စတင်၍ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီ အစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

သဘာပတိ

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်ကြီးက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီမှ ဦးမျိုးသန့်(မောင်ဆုရှင်)၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးစောဖီးလစ် (ခေါ်) ဦးဖီးလစ်ဆမ်၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်လှ (ခေါ်) ဦးလှမြင့်၊ တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကံညွန့်၊ အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကျော်ဝင်းထွန်း၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာမောင်မောင်ဝင့်၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးတင်ခနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှ ဒေါက်တာမနန်တူးဂျာတို့က ဆောင်ရွက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသား ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး(အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူး အဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၇၁ ဦးရှိပြီး ညီလာခံကိုယ်စားလှယ် ၁၀၄၇ ဦးတို့ တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၇ ဒသမ ၇၆ ရာခိုင်နှုန်း ရှိ၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသား ညီလာခံ စုံညီအစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာသည်။

ဖတ်ကြားတင်ပြ

ထို့နောက် အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးအကြံပြုချက်စာတမ်းများအပေါ် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ကျ သဘာပတိအဖွဲ့က ကောက်နုတ်စုစည်းတင်ပြရာ ရှေးဦးစွာ အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ကျသဘာပတိအဖွဲ့ဝင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီမှ ဦးမျိုးသန့် (မောင်ဆုရှင်)က ကောက်နုတ်စုစည်းချက်ကို စတင်ဖတ်ကြားတင်ပြသည်။

[ဦးမျိုးသန့် (မောင်ဆုရှင်) ဖတ်ကြား တင်ပြသည့် ကောက်နုတ်စုစည်းချက်ကို သီးခြားဖော်ပြထားပါသည်။]

ဆက်လက်၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ကျသဘာပတိအဖွဲ့ဝင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးစောဖီးလစ်(ခေါ်)ဦးဖီးလစ်ဆမ်က ကောက်နုတ်စုစည်းချက်ကို ဖတ်ကြားတင်ပြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၉ နာရီ ၃၅ မိနစ်တွင် ခေတ္တရပ်နားသည်။

[ဦးစောဖီးလစ်(ခေါ်)ဦးဖီးလစ်ဆမ် ဖတ်ကြားတင်ပြသည့် ကောက်နုတ်စုစည်းချက်ကို သီးခြားဖော်ပြထားပါသည်။]

ဆက်လက်ဖတ်ကြား

ထို့နောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၉ နာရီ မိနစ် ၅၀ တွင် ပြန်လည်ကျင်းပရာ အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးအကြံပြုချက်စာတမ်းများအပေါ် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ကျ သဘာပတိအဖွဲ့ဝင်များ ဖြစ်ကြသည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်ကြီး၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်လှ (ခေါ်) ဦးလှမြင့်နှင့် တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကံညွန့်တို့က ကောက်နုတ်စုစည်းချက်များကို ဆက်လက်ဖတ်ကြား တင်ပြကြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀ နာရီမိနစ် ၄၀တွင် ခေတ္တရပ်နားသည်။

[အလုပ်ကျ သဘာပတိအဖွဲ့ဝင် ဦးမောင်ကြီး ဖတ်ကြားတင်ပြသည့် ကောက်နုတ် စုစည်းချက်ကို သီးခြား ဖော်ပြထားပြီး အလုပ်ကျသဘာပတိအဖွဲ့ဝင် ဦးမောင်လှ(ခေါ်) ဦးလှမြင့်နှင့်ဦးကံညွန့်တို့ ဖတ်ကြားတင်ပြသည့် ကောက်နုတ် စုစည်းချက်များကို ဆက်လက်ဖော်ပြသွားပါမည်။]

ဆက်လက်၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀ နာရီ ၅၅ မိနစ်တွင် ပြန်လည်ကျင်းပရာ အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေး အကြံပြုချက်စာတမ်းများအပေါ် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ကျသဘာပတိအဖွဲ့ဝင်များ ဖြစ်ကြသည့် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကျော်ဝင်းထွန်းနှင့် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာ မောင်မောင်ဝင့်တို့က ကောက်နုတ် စုစည်းချက်များကို ဆက်လက်ဖတ်ကြား တင်ပြကြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၁ နာရီခွဲတွင် ရပ်နားလိုက်သည်။

[အလုပ်ကျ သဘာပတိအဖွဲ့ဝင် ဦးကျော်ဝင်းထွန်းနှင့် ဒေါက်တာ မောင်မောင်ဝင့်တို့ ဖတ်ကြား တင်ပြသည့် ကောက်နုတ်စုစည်းချက်များကို ဆက်လက် ဖော်ပြသွားပါသည်။]

ဆက်လက်ကျင်းပမည်

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ဩဂုတ် ၂၀ ရက် (တနင်္လာနေ့) နံနက် ၉ နာရီတွင် ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။

(သတင်းစဉ်)

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

❑ ***ဩစတြေးလျနိုင်ငံ အရှေ့ မြောက်ပိုင်း ဆော်လမွန်ကျွန်း ကမ်းလွန်တွင် ဩဂုတ် ၁၆ ရက်က ရစ်ချ်စတာစကေး ၆ ဒသမ ၇ ရှိ အင်အားပြင်းငလျင်တစ်ခု လှုပ်သွားကြောင်း၊ အပျက်အစီးနှင့် သေဆုံးဒဏ်ရာရမှုသတင်း မရသေးကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။***

❖ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့အနောက်ဘက် တန်ဂီရင်မြို့တွင် ဩဂုတ် ၁၄ ရက်က အသက် ၁၇ နှစ်အရွယ် အမျိုးသမီးတစ်ဦး ကြက်ငှက်တုပ်ကွေးရောဂါဖြင့် သေဆုံးသွားခဲ့ရာ မကြာမီက ဘာလီကျွန်း၌ အမျိုးသမီး တစ်ဦး ကြက်ငှက်တုပ်ကွေးရောဂါဖြင့် သေဆုံးခဲ့ပြီးနောက် ဒုတိယမြောက် သေဆုံးသော အမျိုးသမီးဖြစ်ကြောင်း အင်ဒိုနီးရှားကျန်းမာရေးအရာရှိများက ပြောကြားသည်။

❑ ***အမေရိကန်နိုင်ငံ တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းဒေသများတွင် ဩဂုတ် ၁၇ ရက်က အပူလှိုင်းကျရောက်ခဲ့ရာ ၃၇ ဦး သေဆုံးသွားကြောင်း၊ အထူးသဖြင့် တင်နက်ဆီပြည်နယ်၌ အပူလှိုင်းဒဏ်အဆိုးရွားဆုံးခံစားရကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။***

❖ စကော့တလန်ကမ်းလွန်ရှိ ရေနံတူးဖော်ရေးလုပ်ငန်းတစ်ခု၌ ဩဂုတ် ၁၆ ရက်က မီးလောင်မှုဖြစ်ပွားရာ ရေနံအလုပ်သမား ၃၂ ဦးအား ရဟတ်ယာဉ်လေးစင်းဖြင့် အမြန်ကယ်တင်ခဲ့ရကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

❑ ***စပိန်နိုင်ငံ၏ အမြင့်ဆုံးတောင်ထိပ်ဖြစ်သော ပေ ၁၁၄၀၀ မြင့်သည့် မူလ်ဟာဆင်တောင်ပေါ်သို့ တက်ရောက်သည့် အသက် ၂၇ နှစ်အရွယ် မာလီနိုင်ငံသားတစ်ဦးသည် တောင်တက်ကိရိယာနှင့် တောင်တက်အဝတ် အစားများမပါဘဲ ပေ ၁၁၀၀၀ အထိ တက်ရောက်ခဲ့ကြောင်း၊ တာဝန်ရှိသူများက ဩဂုတ် ၁၆ ရက်က အသက်အန္တရာယ်စိုးရိမ်ရသဖြင့် ပြန်ခေါ်ခဲ့ရကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။***

❖ ဂရိနိုင်ငံ အေသင်မြို့မြောက်ဘက်တွင် ဩဂုတ် ၁၇ ရက်က တောမီးလောင်မှု အကြီးအကျယ်ဖြစ်ပွားရာ သစ်တောအနီးဝန်းကျင်၌ နေထိုင်သော လူနေအိမ်ခြေ ၂၅ လုံးခန့် မီးကူးစက်ခံခဲ့ရကြောင်း အင်တာနက် သတင်း၌ ဖော်ပြသည်။

(အင်တာနက်)

သတိပဋ္ဌာန်အေး အမျိုးသမီးယောဂီဆောင် ဆောက်လုပ်ရေးလှူဒါန်းနိုင်

ရန်ကုန် ဩဂုတ် ၁၇

အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်း ရပ်ကွက် မဟာစည်သြဝါဒခံ ညောင်ကန်အေး သာသနာ့ရိပ်သာတွင် လေးထပ် သတိပဋ္ဌာန်အေး အမျိုးသမီးယောဂီဆောင် ဆောက်လုပ်မည် ဖြစ်ရာ ၁၀ပေပတ်လည် တစ်ခန်း၊ အလူမီနီယံ တစ်ကျင်း၊ ပါကေးတစ်ကျင်း၊ ကာလာအမိုး သွပ်ပြား၊ ကျောက်တစ်ကျင်း၊ ဘိလပ်မြေ၊ အုတ်၊ မျက်နှာကြက် ကျောက်ပြားနှင့် သဲတစ်ကျင်း စသည့် ပစ္စည်းများကို ဖုန်း–၀၁–၆၄၂၂၁၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။ **(က–ပ)**

မြန်မာ့အလင်း

အင်တာနက် ကျန်းမာရေး

သွေးတိုးရောဂါဖြစ်ပွားသူ ဦးရေ အနှစ် ၂၀ အတွင်း သန်း ၁၀၀၀ ကျော်မည်

ကမ္ဘာတစ်ဝန်းရှိ ပြည်သူများကြားတွင် သွေးပေါင်ချိန် မြင့်မားမှု ပြဿနာမှာ ထိန်းမနိုင်သိမ်းမရဖြစ်သည့်အတွက် အနှစ် ၂၀ အတွင်းတွင် သွေးတိုးရောဂါဖြစ်ပွားသူပေါင်း သန်း ၁၀၀၀ ကျော်မည်ဟု ခန့်မှန်းရကြောင်း ကျွမ်းကျင်သူများက သတိပေးလိုက်သည်။

အသက်အန္တရာယ်

လူလေးဦးလျှင် တစ်ဦးမှာ သွေးပေါင်တိုးသည့်အခြေသို့ ဆိုက်ရောက်ပြီး နှလုံးရောဂါ၊ လေဖြတ်ရောဂါများဖြစ်ပွားကာ အသက်အန္တရာယ်နှင့် ပိုမို နီးစပ်လာစေသည်။

တိုးလာနိုင်

ကျန်းမာရေးကို ထိခိုက်စေသော ခေတ်သစ်လူနေမှုပုံစံများကြောင့် ၂၀၀၀ ပြည့်နှစ်က သွေးတိုးရောဂါ ဖြစ်ပွားသူ ၉၇၂ သန်းရှိရာမှ ၂၀၂၅ ခုနှစ်တွင် သန်းပေါင်း ၁၅၆၀ အထိ တိုးလာနိုင်သည်ဟု ဆို၏။

လေဖြတ်

ဗြိတိန်၌ ငါးစက္ကန့်လျှင် လူတစ်ဦး လေဖြတ်သည့်နှုန်းရှိသဖြင့် နှစ်စဉ် လေဖြတ်သူ ၁၅၀၀၀၀ ခန့်ရှိပြီး လေဖြတ်သူ ၄၀ ရာခိုင်နှုန်းကျော်ကို သွေးပေါင်မြင့်မားမှု ထိန်းညှိပေးခြင်းဖြင့် ကာကွယ်နိုင်ကြောင်း ဒေါက်တာ အစ္စဘယ်လီက ပြောဆိုသည်။

အခြေခံမူများအပေါ်အခြေခံပြီး ကျန်အခန်းခေါင်းစဉ်များအတွက် အသေးစိတ်အခြေခံရမည့်မူများကိုချမှတ်ခဲ့ အခြေခံမူများသည် နိုင်ငံတော်အတွက် ယေဘုယျလမ်းညွှန်သဖွယ် လိုက်နာဆောင်ရွက်သွားရန်ရည်ရွယ်

ရန်ကုန် ဩဂုတ် ၁၇

အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးအကြံပြုချက်စာတမ်းများအပေါ် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ကျသဘာပတိအဖွဲ့ဝင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီမှ ဦးမျိုးသန့်(မောင်ဆုရှင်) ဖတ်ကြားတင်ပြသည့် ကောက်နုတ်စုစည်းချက်မှာ အောက်ပါအတိုင်းဖြစ်သည်—

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်း ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနဲ့ အမျိုးသားညီလာခံ ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား—

၂၀၀၇ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့တွင်ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်တဲ့ အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမယ့်မူများနှင့် အသေးစိတ်အခြေခံရမယ့်မူများနဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်များကို ဖတ်ကြားတင်ပြခဲ့ပါတယ်။

လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းတင်ပြချက်များနဲ့စပ်လျဉ်းပြီး အစုအဖွဲ့များမှ ညီလာခံကိုယ်စားလှယ်များက မိမိတို့အစုအဖွဲ့အလိုက် ဆွေးနွေးညှိနှိုင်းကာ အကြံပြုချက်စာတမ်းများကိုပြုစုပြီး အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ ဖတ်ကြားတင်ပြခဲ့ကြပြီး ဖြစ်ပါတယ်။

၂၀၀၇ ခုနှစ် ဩဂုတ်လ ၁၃ ရက်နေ့မှ ၁၅ ရက်နေ့အထိ ကျင်းပပြီးစီးခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးများမှာ ကိုယ်စားလှယ်အစုအဖွဲ့အလိုက် တင်ပြခဲ့ကြတဲ့ အကြံပြုချက် စာတမ်းများဟာဆိုရင်—

(က) နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့က (၈)စောင်
(ခ) ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့က (၄)စောင်
(ဂ) တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့က (၁)စောင်
(ဃ) တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့က (၁)စောင်
(င) အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့က (၁)စောင်
(စ) အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့က (၁)စောင်
(ဆ) နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့က (၁)စောင်
(ဇ) အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က (၁)စောင်

စုစုပေါင်း(၁၈)စောင် ဖြစ်ပါတယ်။

အဲဒီအကြံပြုချက်စာတမ်းတွေကိုလည်း အမျိုးသားညီလာခံစုံညီအစည်းအဝေးကြီးမှာ အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များနဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်အချို့တို့က ဖတ်ကြားတင်ပြခဲ့ကြတာ ညီလာခံကိုယ်စားလှယ်များအားလုံး ကြားခဲ့ကြပြီးဖြစ်ပါတယ်။ အဲဒီ အကြံပြုချက်စာတမ်းများပါ အကြံပြုတင်ပြချက်များအပေါ် အမျိုးသားညီလာခံ စုံညီသဘာပတိအဖွဲ့ရဲ့ ကောက်နုတ်စုစည်းချက်များကို တင်ပြသွားမှာဖြစ်ပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား—

၂၀၀၇ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက—

"၁၉၉၃ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မယ့် "နိုင်ငံတော်အခြေခံမူများအခန်း"အတွက် နိုင်ငံတော်အခြေခံမူ(၁၀၄)ချက်ကို ချမှတ်ခဲ့ပါတယ်။ အဲဒီလို ချမှတ်ခဲ့တဲ့ **အခြေခံမူများအပေါ် အခြေခံပြီး ကျန်အခန်းခေါင်းစဉ်များအတွက် အသေးစိတ်အခြေခံရမယ့်မူများကို ချမှတ်ခဲ့တာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ဒီအခြေခံမူများဟာ နိုင်ငံတော်အတွက် ယေဘုယျလမ်းညွှန်သဖွယ် လိုက်နာဆောင်ရွက်သွားဖို့ ရည်ရွယ်ပြီးချမှတ်ခဲ့တာဖြစ်ပါတယ်။** နိုင်ငံတော်အနေနဲ့ ဥပဒေပြုလုပ်ငန်းများကို ဆောင်ရွက်ရာမှာဖြစ်စေ၊ အုပ်ချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာမှာဖြစ်စေ ဒီအခြေခံမူတွေနဲ့အညီ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ နိုင်ငံတော်အနေနဲ့ နိုင်ငံတော်မှာဖြစ်ပေါ်နေတဲ့ အခြေအနေနဲ့ အချိန်အခါအရ ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ဒီလို အခြေအနေနဲ့ အချိန်အခါမကျရောက်သေးလို့ ဆောင်ရွက်မပေးနိုင်တာကို အခွင့်ကောင်းယူပြီး နိုင်ငံတော်အပေါ် တရားစွဲဆိုမှုများ ပြုလုပ်လာမည်ဆိုရင် ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးယန္တရားလည်ပတ်မှု အဟန့်အတားအနှောင့်အယှက် ဖြစ်စေနိုင်ပါတယ်။ ဒီလိုမဖြစ်စေဖို့ နိုင်ငံတော်အား အကာအကွယ်ပြုပေးမယ့် အသေးစိတ်အခြေခံရမယ့်မူတစ်ရပ် ချမှတ်ထားဖို့လိုမယ်လို့ သုံးသပ်ရရှိပါတယ်။ ဒီအချက်နဲ့စပ်လျဉ်းပြီး ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အခန်း(၄)၊ ပုဒ်မ ၃၂ တွင် "ဤအခန်းတွင် ဖော်ပြထားသောမူများကို နိုင်ငံတော်အတွက် ယေဘုယျလမ်းညွှန်သဖွယ် ရည်ရွယ်သည်။ နိုင်ငံတော်သည် ဥပဒေပြုရာ၌လည်းကောင်း၊ အုပ်ချုပ်ရာ၌လည်းကောင်း ထိုမူများနှင့်အညီ ဆောင်ရွက်ရန်အလေးဂရုပြုရမည်။ သို့ရာတွင် ထိုသို့ဆောင်ရွက်စေရန် မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုပိုင်ခွင့်မရှိစေရ"လို့ ပြဋ္ဌာန်းထားပြီး မိမိတို့ အိမ်နီးချင်းနိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများမှာလည်း အလားတူပြဋ္ဌာန်းထားတာ လေ့လာတွေ့ရှိရပါတယ်။

အမျိုးသားညီလာခံ စုံညီအစည်း အဝေး အလုပ်ကျသဘာပတိအဖွဲ့ဝင်အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်း ကော်မတီမှ ဦးမျိုးသန့် (မောင်ဆုရှင်) ကောက်နုတ် စုစည်းချက်ကို ဖတ်ကြားတင်ပြစဉ်။
(သတင်းစဉ်)

ဒါကြောင့် နိုင်ငံတော်အခြေခံမူများပါ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ဖို့အတွက် နိုင်ငံတော်အား တရားစွဲဆိုခြင်းမှ ကာကွယ်ပေးမည့် အခြေခံမူတစ်ရပ် ချမှတ်ရေးနှင့်စပ်လျဉ်းပြီး—

အထွေထွေပြဋ္ဌာန်းချက်များအခန်းရဲ့ စုစည်းချက်အပိုဒ် (၃)ပါ—

"နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင်လည်းကောင်း၊ ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင်လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်။"

ဆိုတဲ့ စကားရပ်နှင့်ဆက်၍—

"နိုင်ငံတော်က ထိုအခြေခံမူများနှင့်အညီ အလေးဂရုပြုဆောင်ရွက်ရမည်။ သို့ရာတွင် ထိုသို့ဆောင်ရွက်စေရန် မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခွင့်မရှိစေရ"

ဆိုသောစကားရပ်ကို ဖြည့်စွက်၍ အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်ရန်သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ဖြစ်ပါတယ်"

လို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့ပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား—

အဲဒီရှင်းလင်းချက်နဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်တဲ့ နိုင်ငံရေးပါတီ (၈) ပါတီအနက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက—

"နိုင်ငံတော်အနေနဲ့ ဥပဒေပြုလုပ်ငန်းများကိုဆောင်ရွက်ရာမှာဖြစ်စေ၊ အုပ်ချုပ်မှုလုပ်ငန်းများကိုဆောင်ရွက်ရာမှာဖြစ်စေ၊ ချမှတ်ထားပြီးဖြစ်သည့် အခြေခံမူများနှင့်အညီ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာအခြေအနေနဲ့ အချိန်အခါမကျရောက်သေးလို့ ဆောင်ရွက်မပေးနိုင်တာကို အခွင့်ကောင်းယူပြီး ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေး ယန္တရားလည်ပတ်မှုကို အဟန့်အတားအနှောင့်အယှက်မဖြစ်စေရန်ရည်ရွယ်ပြီး အထွေထွေပြဋ္ဌာန်းချက်များအခန်းရဲ့ စုစည်းချက်အပိုဒ် (၃)ပါ—

"နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်"

ဆိုတဲ့ စကားရပ်နှင့်ဆက်၍—

"နိုင်ငံတော်က ထိုအခြေခံမူများနှင့်အညီ အလေးဂရုပြုဆောင်ရွက်ရမည်၊ သို့ရာတွင် ထိုသို့ဆောင်ရွက်စေရန် မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခွင့် မရှိစေရ"

ဆိုသောစကားရပ်ကို ဖြည့်စွက်၍ အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်ရန်သင့်လျော်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က—

"အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်ကို လေ့လာလိုက်သည့်အခါ ချမှတ်ပြီး အခြေခံမူနှင့် အသေးစိတ် အခြေခံရမယ့်မူများအနက် ဖြည့်စွက်ခြင်းအတွက် (၈)ချက်၊ ပြင်ဆင်ခြင်းအတွက် (၅)ချက်၊ ပယ်ဖျက်ခြင်းအတွက် (၁)ချက်နဲ့ ပြောင်းရွှေ့ဖော်ပြခြင်းအတွက် (၁)ချက်၊ စုစုပေါင်း (၁၅)ချက်ပါရှိတာကို လေ့လာတွေ့ရှိရကြောင်း၊ ယင်း (၁၅)ချက်ကို ဖြည့်စွက်၊ ပြင်ဆင်၊ ပယ်ဖျက်၊ ပြောင်းရွှေ့သင့်ပါကြောင်း ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ ရှမ်းပြည်ကိုးကန့် ဒီမိုကရက်တစ်ပါတီက—

"အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားသွားသည့် အချက်များအနက် အထွေထွေပြဋ္ဌာန်းချက်များအခန်းရဲ့ စုစည်းချက်အပိုဒ် (၃)ပါ—

"နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေ ပြဋ္ဌာန်းရာတွင်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြား ဥပဒေများပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင်လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်"

ဆိုတဲ့စကားရပ်နှင့်ဆက်၍—

"နိုင်ငံတော်က ထိုအခြေခံမူများနှင့်အညီ အလေးဂရုပြုဆောင်ရွက်ရမည်။ သို့ရာတွင် ထိုသို့ဆောင်ရွက်စေရန် မည်သည့်တရားရုံးတွင်မျှ တရား စွဲဆိုခွင့်မရှိစေရ"

ဆိုသောစကားရပ်ကို ဖြည့်စွက်၍ အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်ရန် သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့က—

"နိုင်ငံတော်အခြေခံမူများပါ သတ်မှတ်ချက်များနဲ့အညီ ဆောင်ရွက်ဖို့အတွက် နိုင်ငံတော်အား တရားစွဲဆိုခြင်းမှ ကာကွယ်ပေးမည့် အခြေခံမူတစ်ရပ်ချမှတ်ရေးနဲ့စပ်လျဉ်းပြီး—

"နိုင်ငံတော်က ထိုအခြေခံမူများနှင့်အညီ အလေးဂရုပြုဆောင်ရွက်ရမည်။ သို့ရာတွင် ထိုသို့ဆောင်ရွက်စေရန် မည်သည့်တရားရုံးတွင်မျှ တရား စွဲဆိုခွင့်မရှိစေရ"

ဆိုသော စကားရပ်ကို ဖြည့်စွက်၍ အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်ရန်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက—

"အထွေထွေပြဋ္ဌာန်းချက်များအခန်းရဲ့ စုစည်းချက်အပိုဒ် (၃)ပါ "နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေများပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာ အနက်အဓိပ္ပာယ် ဖွင့်ဆိုရာတွင်လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်" ဆိုတဲ့စကားရပ်နှင့်ဆက်၍ "နိုင်ငံတော်က ထိုအခြေခံမူများနှင့်အညီ အလေးဂရုပြုဆောင်ရွက်ရမည်၊ သို့ရာတွင် ထိုသို့ဆောင်ရွက်စေရန် မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခွင့်မရှိစေရ"ဆိုသော စကားရပ်ကို ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်က—

"အထွေထွေပြဋ္ဌာန်းချက်များအခန်းရဲ့ စုစည်းချက်အပိုဒ် (၃)ပါ "နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင်လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များဖြစ်သည် ဆိုတဲ့စကားရပ်နှင့်ဆက်၍ နိုင်ငံတော်က ထိုအခြေခံမူများနှင့်အညီ "အလေးဂရုပြုဆောင်ရွက်ရမည်"၊ သို့ရာတွင် ထိုသို့ဆောင်ရွက်စေရန် မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုပိုင်ခွင့်မရှိစေရ ဆိုသောစကားရပ်ကို ဖြည့်စွက်၍ အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်ရန် သင့်လျော်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ ကိုးကန့် ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီက—

"အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်ပါ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများမှ အနည်းငယ်သော အချက်အလက်အပေါ် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်နှင့်စပ်လျဉ်းပြီး သဘောတူထောက်ခံပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ "ဝ"အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက—

"အထွေထွေပြဋ္ဌာန်းချက်များအခန်းရဲ့ စုစည်းချက်အပိုဒ် (၃)ပါ—

"နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင်လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်"

ဆိုတဲ့ စကားရပ်နှင့် ဆက်၍—

"နိုင်ငံတော်က ထိုအခြေခံမူများနှင့်အညီ အလေးဂရုပြုဆောင်ရွက်ရမည်။ သို့ရာတွင် ထိုသို့ ဆောင်ရွက်စေရန် မည်သည့် တရားရုံးတွင်မျှ တရားစွဲဆိုခွင့် မရှိစေရ"

ဆိုသော စကားရပ်ကို ဖြည့်စွက်၍ အသေးစိတ်အခြေခံရမည့် မူအဖြစ် ချမှတ်သည်မှာ သင့်လျော်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား—

ညီလာခံကိုယ်စားလှယ် အစုအဖွဲ့(၈)ဖွဲ့အနက် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့က ဆွေးနွေးတင်ပြသော အကြံပြုစာတမ်း(၄)စောင်အနက်—

စာမျက်နှာ ၅ ကော်လံ ၁ သို့

အသေးစိတ်အခြေခံရမည့်မူများတွင် ပြည့်စုံအောင်ထည့်သွင်းဖော်ပြလိုက်လျှင် နောက်တစ်ချိန်တွင် အငြင်းပွားစရာအကြောင်းရှိနိုင်မည်မဟုတ်

ရန်ကုန် ဩဂုတ် ၁၇

အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးအကြံပြုချက်စာတမ်းများအပေါ် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးစောဖီးလစ်(ခေါ်) ဦးဖီးလစ်ဆမ် ဖတ်ကြားတင်ပြသည့် ကောက်နုတ်စစည်းချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

၂၀၀၇ ခုနှစ် ဩဂုတ်လ ၆ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက–

"၂၀၀၆ ခုနှစ် အောက်တိုဘာလ ၂၇ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ "နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များအခန်း"အတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ခဲ့စဉ်က အပိုဒ်(၅၀)အဖြစ်**"ဤအခန်းပါ 'နိုင်ငံတော်'ဆိုသည်မှာ ရှေ့၊ နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဥပဒေပြုမှုအခွင့်အာဏာကိုသော်လည်းကောင်း၊ အုပ်ချုပ်မှုအခွင့်အာဏာကိုသော်လည်းကောင်း ကျင့်သုံးသောအဖွဲ့အစည်းကိုဆိုလိုသည်"**လို့ ဖော်ပြခဲ့ပါတယ်။ အဲဒီအသေးစိတ်အခြေခံရမယ့်မူများပါ ဖော်ပြချက်အရဆိုရင် "နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း" ရှိ 'နိုင်ငံတော်' ဆိုတဲ့ စကားရပ်များနဲ့သာ အကျုံးဝင်သက်ဆိုင်မယ့်သဘော သက်ရောက်နေပါတယ်။ ဒီအချက်နဲ့စပ်လျဉ်းပြီး ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အခန်း၂၊ ပုဒ်မ ၉တွင် "ဤအခန်းနှင့် အခန်း၃၊ အခန်း ၄ တို့တွင် 'နိုင်ငံတော်' ဟူသော စကား၏ ဆိုလိုရင်းမှာ ရှေ့၊ နောက် စကားတို့၏ အဓိပ္ပာယ်ကိုထောက်၍ ပြည်ထောင်စုနိုင်ငံ၏ သို့တည်းမဟုတ် သက်ဆိုင်ရာ ပြည်ထောင်စုအဖွဲ့ဝင်၏ အုပ်ချုပ်မှု အခွင့်အာဏာကိုသော်လည်းကောင်း၊ ဥပဒေပြုမှု အခွင့်အာဏာကို သော်လည်းကောင်း ဆိုလိုသည်" လို့ ပြဋ္ဌာန်းထားပြီး မိမိတို့ အိမ်နီးချင်းနိုင်ငံ အချို့ရဲ့ ဖွဲ့စည်းပုံ အခြေခံ ဥပဒေများမှာလည်း အလားတူ ပြဋ္ဌာန်းထားတာ လေ့လာတွေ့ရှိရပါတယ်။"

အမျိုးသားညီလာခံ စုံညီအစည်း အဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင် နိုင်ငံရေး ပါ တီ များ မှ ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးစော ဖီးလစ်(ခေါ်) ဦးဖီး လစ်ဆမ် ကောက် နုတ်စုစည်းချက် ကို ဖတ်ကြား တင်ပြစဉ်။
(သတင်းစဉ်)

"ဒါ့အပြင် အဲဒီအပိုဒ်မှာ အဖွဲ့အစည်းဆိုတဲ့ စကားရပ်ကိုသာရည်ညွှန်း ဖော်ပြထားတာ တွေ့ရမှာဖြစ်ပါတယ်။ တစ်ခါတစ်ရံ ဥပဒေပြုမှုအခွင့်အာဏာနဲ့ အုပ်ချုပ်မှုအခွင့်အာဏာကို အဖွဲ့အစည်းအနေနဲ့ ကျင့်သုံးတာရှိသလို ပုဂ္ဂိုလ်အနေနဲ့ ကျင့်သုံးရတာလဲ ရှိကောင်းရှိနိုင်ပါတယ်။ အဲဒီလိုအခြေအနေမျိုးရှိလာခဲ့ရင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဿနာပေါ်ပေါက်နိုင်ပါတယ်။ ယခုကတည်းက အသေးစိတ်အခြေခံရမယ့်မူများတွင် ပြည့်စုံအောင်ထည့်သွင်းဖော်ပြလိုက်မယ်ဆိုရင် နောက်တစ်ချိန်မှာအငြင်းပွားစရာအကြောင်း ရှိနိုင်မယ်မဟုတ်ပါ။

ဒါကြောင့် ကျွန်တော်အထက်မှာ တင်ပြခဲ့တဲ့ အချက်တွေကို အထောက်အထားပြုပြီး "နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း" စုစည်းဖော်ပြချက် အပိုဒ် ၅၀ ရှိ–

"ဤအခန်းပါ 'နိုင်ငံတော်'ဆိုသည်မှာ ရှေ့၊နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဥပဒေပြုမှု အခွင့်အာဏာကိုသော်လည်းကောင်း၊ အုပ်ချုပ်မှု အခွင့်အာဏာကိုသော်လည်း ကောင်း ကျင့်သုံးသောအဖွဲ့အစည်းကို ဆိုလိုသည်။"

ဆိုတဲ့စကားရပ်အစား–

"ဤအခန်းနှင့် အခန်း(၁)၊နိုင်ငံတော်အခြေခံမူများအခန်းပါ 'နိုင်ငံတော်' ဆိုသည်မှာ ရှေ့၊ နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုမှု အခွင့်အာဏာကိုသော်လည်းကောင်း၊ အုပ်ချုပ်မှု အခွင့်အာဏာကိုသော်လည်းကောင်း ကျင့်သုံးသော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကိုဆိုလိုသည်"

လို့ အသေးစိတ်အခြေခံရမယ့်မူကို ဖြည့်စွက်၍ ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုဖို့ဖြစ်ပါတယ်"

လို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့ပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အဲဒီရှင်းလင်းချက်နဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံ ကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်တဲ့ နိုင်ငံရေးပါတီ (၈)ပါတီအနက် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပါတီက–

"နိုင်ငံသား၊ နိုင်ငံသားများ၏မူလအခွင့်အရေးနှင့် တာဝန်များအခန်း စုစည်းတင်ပြချက် အပိုဒ် ၅၀ကို –

"ဤအခန်းနှင့် အခန်း(၁)၊နိုင်ငံတော်အခြေခံမူများအခန်းပါ 'နိုင်ငံတော်'ဆိုသည်မှာ ရှေ့၊ နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍

စာမျက်နှာ ၇ ကော်လံ ၁ သို့

စာမျက်နှာ ၄ မှ

– တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်

– မြို့(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်

တို့ရဲ့ သဘောထားကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်တဲ့ ယင်းတို့ရဲ့ နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ယင်းဆွေးနွေးချက်များအတိုင်းပင် သက်ဆိုင်ရာ ကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြတဲ့ ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ ဒေါက်တာမူထန်၊ ရှမ်းပြည်နယ် ရွာငံမြို့နယ် မဲဆန္ဒနယ်မှ ဦးအောင်သိန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ ဦးထွန်းကျော်တို့က–

"အထွေထွေပြဋ္ဌာန်းချက်များအခန်းရဲ့ စုစည်းချက်အပိုဒ်(၃)တွင်–

"နိုင်ငံတော်က ထိုအခြေခံမူများနှင့်အညီ အလေးဂရုပြုဆောင်ရွက်ရမည်၊ သို့ရာတွင် ထိုသို့ ဆောင်ရွက်စေရန် မည်သည့်တရားရုံးတွင်မျှတရားစွဲဆိုခွင့် မရှိစေရ"

ဆိုတဲ့ စကားရပ်ကို ဖြည့်စွက်၍ အသေးစိတ်အခြေခံရမည့် မူအဖြစ် ချမှတ်ရန် သင့်လျော်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြတဲ့ ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က–

"အထွေထွေပြဋ္ဌာန်းချက်များအခန်းရဲ့ စုစည်းချက်အပိုဒ်(၃)ပါ–

"နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင် လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်"

ဆိုတဲ့ စကားရပ်နှင့်ဆက်၍–

"နိုင်ငံတော်က ထိုအခြေခံမူများနှင့် အညီ အလေးဂရုပြုဆောင်ရွက်ရမည်။ သို့ရာတွင် ထိုသို့ ဆောင်ရွက်စေရန် မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခွင့် မရှိစေရ"

ဆိုသော စကားရပ်ကို ဖြည့်စွက်၍ အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်ရန် သင့်လျော်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့က–

"အထွေထွေပြဋ္ဌာန်းချက်များအခန်းရဲ့ စုစည်းချက်အပိုဒ်(၃)ပါ–

"နိုင်ငံတော် အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ် ဖွင့်ဆိုရာတွင် လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်"

ဆိုတဲ့ စကားရပ်နှင့်ဆက်၍–

"နိုင်ငံတော်က ထိုအခြေခံမူများနှင့်အညီ အလေးဂရုပြုဆောင်ရွက်ရမည်။ သို့ရာတွင် ထိုသို့ ဆောင်ရွက်စေရန် မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခွင့် မရှိစေရ"

ဆိုသောစကားရပ်ကို ဖြည့်စွက်၍ အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်ရန် သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က–

"နိုင်ငံတော်အား တရားစွဲဆိုခြင်းမှ ကာကွယ်ပေးမည့် အခြေခံမူတစ်ရပ် ချမှတ်ရေးနဲ့ စပ်လျဉ်းပြီး အထွေထွေပြဋ္ဌာန်းချက်များအခန်းရဲ့ စုစည်းချက် အပိုဒ်(၃)ပါ–

"နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ် ဖွင့်ဆိုရာတွင် လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်"

ဆိုတဲ့ စကားရပ်နှင့်ဆက်၍–

"နိုင်ငံတော်က ထိုအခြေခံမူများနှင့် အညီ အလေးဂရုပြုဆောင်ရွက်ရမည်။ သို့ရာတွင် ထိုသို့ ဆောင်ရွက်စေရန် မည်သည့် တရားရုံးတွင်မျှ တရားစွဲဆိုခွင့် မရှိစေရ"

ဆိုသော စကားရပ်ကို ဖြည့်စွက်၍ အသေးစိတ်အခြေခံရမည့် မူအဖြစ် ချမှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က–

"အထွေထွေပြဋ္ဌာန်းချက်များအခန်းရဲ့ စုစည်းချက်အပိုဒ်(၃)ပါ–

"နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင်လည်းကောင်း၊ ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်"

ဆိုတဲ့ စကားရပ်နှင့်ဆက်၍–

"နိုင်ငံတော်က ထိုအခြေခံမူများနှင့်အညီ အလေးဂရုပြုဆောင်ရွက်ရမည်။ သို့ရာတွင် ထိုသို့ ဆောင်ရွက်စေရန် မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခွင့် မရှိစေရ"

ဆိုသော စကားရပ်ကို ဖြည့်စွက်၍ အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့က–

"အထွေထွေပြဋ္ဌာန်းချက်များအခန်းရဲ့ စုစည်းချက်အပိုဒ်(၃)ဖြစ်တဲ့**"နိုင်ငံတော် အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင် လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်"**

ဆိုတဲ့စကားရပ်နှင့်ဆက်၍–

"နိုင်ငံတော်က ထိုအခြေခံမူများနှင့်အညီ အလေးဂရုပြုဆောင်ရွက်ရမည်။ သို့ရာတွင် ထိုသို့ဆောင်ရွက်စေရန် မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခွင့် မရှိစေရ"

ဆိုတဲ့ စကားရပ်ကိုဖြည့်စွက်၍ အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့က–

"အထွေထွေပြဋ္ဌာန်းချက်များအခန်းရဲ့ စုစည်းချက်အပိုဒ်(၃)ပါ–

"နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင်လည်းကောင်း၊ ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင်လည်းကောင်း လိုက်နာရမည့်လမ်းညွှန်များဖြစ်သည်"

ဆိုတဲ့စကားရပ်နှင့်ဆက်၍–

"နိုင်ငံတော်က ထိုအခြေခံမူများနှင့်အညီ အလေးဂရုပြုဆောင်ရွက်ရမည်။ သို့ရာတွင် ထိုသို့ ဆောင်ရွက်စေရန် မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခွင့်မရှိစေရ"

ဆိုတဲ့ စကားရပ်ကို ဖြည့်စွက်၍ အသေးစိတ်အခြေခံရမည့် မူအဖြစ် ချမှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က–

"အထွေထွေပြဋ္ဌာန်းချက်များအခန်းရဲ့ စုစည်းချက်အပိုဒ်(၃)–

"နိုင်ငံတော် အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင်လည်းကောင်း၊ ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်"

ဆိုတဲ့စကားရပ်နှင့်ဆက်၍–

"နိုင်ငံတော်က ထိုအခြေခံမူများနှင့်အညီ အလေးဂရုပြုဆောင်ရွက်ရမည်။ သို့ရာတွင် ထိုသို့ ဆောင်ရွက်စေရန် မည်သည့် တရားရုံးတွင်မျှ တရားစွဲဆို ခွင့်မရှိစေရ"

ဆိုသော စကားရပ်ကို ဖြည့်စွက်၍ အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။ ။

တရားလွှတ်တော်ရှေ့နေ (Advocate)အဖြစ် ၁၅နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူဟူသည့်စကားရပ်အစား

တရားလွှတ်တော်ရှေ့နေ (Advocate) အဖြစ် အနည်းဆုံး ၁၅နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူဟု ဖြည့်စွက်သင့်

ရန်ကုန် ဩဂုတ် ၁၇

အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးအကြံပြုချက်စာတမ်းများအပေါ် အမျိုးသားညီလာခံ စုံညီ အစည်းအဝေး အလုပ်ကျသဘာပတိအဖွဲ့ဝင် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်ကြီး ဖတ်ကြားတင်ပြသည့် ကောက်နုတ်စုစည်းချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

၂၀၀၇ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့တွင်ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာအမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက–

"၁၉၉၆ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင်ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ တရားစီရင်ရေးဆိုင်ရာဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမယ့်မူများချမှတ်ရေးနဲ့စပ်လျဉ်းပြီး ကျွန်တော်ရှင်းလင်းတင်ပြခဲ့ပါတယ်။

အဲဒီလို ရှင်းလင်းတင်ပြစဉ်က ပြည်ထောင်စုတရားသူကြီးချုပ်နဲ့ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများရဲ့ အရည်အချင်းများနဲ့ စပ်လျဉ်းပြီး အပိုဒ် ၃၊ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၃)တွင် "တရားလွှတ်တော်ရှေ့နေ(Advocate) အဖြစ် အနည်းဆုံး ၂၀ နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ"လို့ ဖော်ပြခဲ့ပါတယ်။ ဒီလိုဖော်ပြခဲ့တာဟာ အနည်းဆုံးလိုအပ်ချက်မည်မျှဖြစ်ရမယ်ဆိုတာ ပေါ်လွင်စေလို၍ ဖြစ်ပါတယ်။

ဒါပေမယ့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများရဲ့ အရည်အချင်းများနဲ့ စပ်လျဉ်းပြီး အပိုဒ် ၁၁၊ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၂)တွင် "တရားလွှတ်တော်ရှေ့နေ(Advocate)အဖြစ် ၁၅ နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ"လို့ ဖော်ပြခဲ့ပါတယ်။ ဒီဖော်ပြချက်မှာ လေ့လာကြည့်ရင် "အနည်းဆုံးဆိုတဲ့ စကားရပ်မပါရှိတာ တွေ့ရမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း) ရေးဆွဲရာမှာ ရှေ့၊နောက် စကားရပ်များညီညွတ်စေရန်လည်းကောင်း၊ နောင်တစ်ချိန်မှာ အငြင်းပွားစရာအကြောင်း မပေါ်ပေါက်စေရန်လည်းကောင်း "အနည်းဆုံး ၁၅ နှစ်"လို့ သုံးနှုန်းသင့်ကြောင်း သုံးသပ်ရရှိပါတယ်။

ဒါကြောင့် တရားစီရင်ရေးဆိုင်ရာဖွဲ့စည်းမှုအပိုင်းရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးများရဲ့ အရည်အချင်း၊ အပိုဒ် ၁၁၊ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၂)ရှိ "တရားလွှတ်တော်ရှေ့နေ (Advocate)အဖြစ် ၁၅နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ"ဆိုတဲ့စကားရပ်အစား "တရားလွှတ်တော်ရှေ့နေ(Advocate) အဖြစ် အနည်းဆုံး ၁၅နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ"လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်" လို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့ပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အဲဒီရှင်းလင်းပြောကြားချက်နဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ နိုင်ငံရေးပါတီ(၈)ပါတီအနက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက–

"ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း) ရေးဆွဲရာမှာ ရှေ့၊ နောက်စကားရပ်များညီညွတ်စေရန်လည်းကောင်း၊ နောင်တစ်ချိန်မှာအငြင်းပွားစရာအကြောင်း မပေါ်ပေါက်စေရန်လည်းကောင်း တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးများရဲ့ အရည်အချင်းများနဲ့စပ်လျဉ်းပြီး အပိုဒ် ၁၁၊ အပိုဒ်ခွဲ(ဂ)အပိုဒ်ခွဲငယ်(၂)တွင်လည်း အနည်းဆုံးဟူသော စကားရပ်ကို ဖြည့်စွက်၍ **"တရားလွှတ်တော်ရှေ့နေ (Advocate)အဖြစ် အနည်းဆုံး ၁၅ နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ"**လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ကြောင်း" ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က–

"အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်ကို လေ့လာလိုက်တဲ့အခါမှာ ချမှတ်ပြီးအခြေခံမူနှင့် အသေးစိတ်အခြေခံရမယ့်မူများအနက် ဖြည့်စွက်ခြင်းအတွက်(၈)ချက်၊ ပြင်ဆင်ခြင်းအတွက်(၅)ချက်၊ ပယ်ဖျက်ခြင်းအတွက် (၁)ချက်နဲ့ ပြောင်းရွှေ့ဖော်ပြခြင်း (၁)ချက်၊ စုစုပေါင်း (၁၅)ချက် ပါရှိတာ လေ့လာတွေ့ရှိရပါတယ်။ ဒီအချက်(၁၅)ချက်ကို ဖြည့်စွက်၊ ပြင်ဆင်၊ ပယ်ဖျက်ပြောင်းရွှေ့သင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ်" လို့ ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီက–

"တရားစီရင်ရေးဆိုင်ရာဖွဲ့စည်းမှုအပိုင်းရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးများရဲ့ အရည်အချင်း၊ အပိုဒ် ၁၁၊ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၂)ရှိ "တရားလွှတ်တော်ရှေ့နေ (Advocate)အဖြစ် ၁၅နှစ် အမှုလိုက်ပါ ဆောင်ရွက်ခဲ့သူ" ဆိုတဲ့ စကားရပ်အစား **"တရားလွှတ်တော်ရှေ့နေ (Advocate) အဖြစ် အနည်းဆုံး ၁၅နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ"**လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ရန်သင့်ပါကြောင်း" ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ မြို(ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့က–

"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများရဲ့ အရည်အချင်းများနဲ့စပ်လျဉ်းပြီး **"တရားလွှတ်တော်ရှေ့နေ**(Advocate)**အဖြစ် ၁၅နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ"**လို့ ဖော်ပြခဲ့ပါတယ်။ တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းရှိ **"တရားလွှတ်တော်ရှေ့နေ**(Advocate)**အဖြစ် ၁၅နှစ် အမှုလိုက်ပါ ဆောင်ရွက်ခဲ့သူ"**ဆိုတဲ့ စကားရပ်အစား **"တရားလွှတ်တော်ရှေ့နေ** (Advocate) **အဖြစ်အနည်းဆုံး ၁၅နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ"**လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်း" ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက–

အမျိုးသားညီလာခံ စုံညီ အစည်းအဝေး အလုပ်ကျသဘာပတိ အဖွဲ့ဝင် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်ကြီး ကောက်နုတ်စုစည်းချက်ကို ဖတ်ကြားတင်ပြစဉ်။
(သတင်းစဉ်)

"တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးများရဲ့ အရည်အချင်း၊ အပိုဒ် ၁၁၊ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၂)ရှိ "တရားလွှတ်တော်ရှေ့နေ (Advocate)အဖြစ် ၁၅နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ"ဆိုတဲ့စကားရပ်အစား**"တရားလွှတ်တော်ရှေ့နေ** (Advocate) **အဖြစ်အနည်းဆုံး ၁၅နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ"**လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း" ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်က–

"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးချုပ်များနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများရဲ့အရည်အချင်းနှင့်စပ်လျဉ်းပြီး အရည်အချင်း၊ အပိုဒ် ၁၁၊ အပိုဒ်ခွဲ(ဂ)အပိုဒ်ခွဲငယ်(၂)ရှိ "တရားလွှတ်တော်ရှေ့နေ (Advocate) အဖြစ် ၁၅နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ"ဆိုတဲ့ စကားရပ်အစား **"တရားလွှတ်တော်ရှေ့နေ** (Advocate)**အဖြစ် အနည်းဆုံး ၁၅နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ"**လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း" ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီက–

"အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်ပါ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများမှ အနည်းငယ်သော အချက်အလက်အပေါ် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်နှင့်စပ်လျဉ်းပြီး သဘောတူထောက်ခံပါကြောင်း" ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ 'ဝ' အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက–

"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များနဲ့ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများရဲ့ အရည်အချင်းများနဲ့စပ်လျဉ်းပြီး အပိုဒ် ၁၁၊ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၂)တွင် **"တရားလွှတ်တော်ရှေ့နေ (Advocate)အဖြစ် ၁၅နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ"**လို့ ဖော်ပြခဲ့ပါတယ်။ ဒီဖော်ပြချက်မှာ "အနည်းဆုံး"ဆိုတဲ့စကားရပ်မပါရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)ရေးဆွဲရာမှာ ရှေ့၊ နောက် စကားရပ်များ ညီညွတ်စေရန်နှင့် နောင်တစ်ချိန်မှာ အငြင်းပွားစရာအကြောင်း မပေါ်ပေါက်စေရန် **" တရားလွှတ်တော်ရှေ့နေ (Advocate)အဖြစ် အနည်းဆုံး ၁၅နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ"** လို့ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်တာဟာ သင့်လျော်မှန်ကန်ပါကြောင်း" ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

ညီလာခံကိုယ်စားလှယ် အစုအဖွဲ့(၈)ဖွဲ့အနက် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့က ဆွေးနွေးတင်ပြသော အကြံပြုချက်စာတမ်း (၄)စောင်အနက်–

- တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်
- မြို (ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်

တို့ရဲ့ သဘောထားကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်တဲ့ ယင်းတို့ရဲ့ နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ယင်းဆွေးနွေးချက်များအတိုင်းပင် သက်ဆိုင်ရာကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားတာ တွေ့ရပါတယ်။

အဲဒီ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ ဖြစ်ကြတဲ့ ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ ဒေါက်တာမှုထန်၊ ရှမ်းပြည်နယ် ရှာင်မြို့နယ် မဲဆန္ဒနယ်မှ ဦးအောင်သိန်းနဲ့ ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ ဦးထွန်းကျော်တို့က–

"ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရာမှာ ရှေ့၊ နောက်စကားရပ်များ ညီညွတ်စေရန်အတွက်လည်းကောင်း၊ နောင်တစ်ချိန်တွင် အငြင်းပွားစရာအကြောင်း မပေါ်ပေါက်စေရန်အတွက်လည်းကောင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားသူကြီးများရဲ့ အရည်အချင်း အပိုဒ် ၁၁၊ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ် (၂)ရှိ "တရားလွှတ်တော်ရှေ့နေ (Advocate)အဖြစ် ၁၅နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ" ဆိုတဲ့စကားရပ်အစား **"တရားလွှတ်တော်ရှေ့နေ (Advocate) အဖြစ် အနည်းဆုံး ၁၅နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ"**လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ရန်သင့်လျော်ပါကြောင်း" ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြတဲ့ ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က–

"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးများရဲ့ အရည်အချင်း အပိုဒ် ၁၁၊ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၂)တွင် **"တရားလွှတ်တော်ရှေ့နေ (Advocate) အဖြစ် အနည်းဆုံး ၁၅နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ"**လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ရန် သင့်လျော်ပါကြောင်း" ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့က–

"တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးများရဲ့ အရည်အချင်း၊ အပိုဒ်၁၁၊ အပိုဒ်ခွဲ (ဂ) အပိုဒ်ခွဲငယ် (၂) ရှိ "တရားလွှတ်တော် ရှေ့နေ (Advocate) အဖြစ် ၁၅နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ" ဆိုတဲ့စကားရပ်အစား **"တရားလွှတ်တော်ရှေ့နေ (Advocate)အဖြစ် အနည်းဆုံး ၁၅နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ"** လို့ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ရန်သင့်ပါကြောင်း" ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့က–

"ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရာမှာ ရှေ့၊ နောက် စကားရပ်များ ညီညွတ်စေရန်လည်းကောင်း၊ နောင်တစ်ချိန်မှာ အငြင်းပွားစရာအကြောင်း မပေါ်ပေါက်စေရန်လည်းကောင်း တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးများရဲ့ အရည်အချင်း အပိုဒ် ၁၁၊ အပိုဒ်ခွဲ (ဂ)အပိုဒ်ခွဲငယ် (၂)ရှိ **"တရားလွှတ်တော်ရှေ့နေ (Advocate)အဖြစ် ၁၅နှစ်အမှုလိုက်ပါဆောင်ရွက်ခဲ့သူ"** ဆိုတဲ့စကားရပ်အစား **"တရားလွှတ်တော်ရှေ့နေ (Advocate) အဖြစ် အနည်းဆုံး ၁၅နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ"** လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း" ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့က–

"တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းရှိ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်တရားသူကြီးများရဲ့ အရည်အချင်း၊ အပိုဒ် ၁၁၊ အပိုဒ်ခွဲ (ဂ) အပိုဒ်ခွဲငယ် (၂)ရှိ "တရားလွှတ်တော်ရှေ့နေ (Advocate)အဖြစ် ၁၅နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ" ဆိုတဲ့စကားရပ်အစား **"တရားလွှတ်တော်ရှေ့နေ (Advocate)အဖြစ် အနည်းဆုံး ၁၅နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ"** လို့ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း" ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့က–

"ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာမှာ ရှေ့၊ နောက် စကားရပ်များ ညီညွတ်စေဖို့နဲ့ နောင်တစ်ချိန် အငြင်းပွားစရာမဖြစ်စေရန် လိုအပ်တဲ့အတွက် ယင်း အပိုဒ်မှာလည်း **"အနည်းဆုံး"** ဆိုတဲ့ စကားလုံးကိုပါ ထည့်သွင်းဖော်ပြပြီး **"တရားလွှတ်တော်ရှေ့နေ (Advocate)အဖြစ် အနည်းဆုံး ၁၅နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ"**လို့ **"အနည်းဆုံး"**ကိုဖြည့်စွက်ထည့်၍ ယခင်အပိုဒ်ကို အစားထိုးပြင်ဆင်ပြီး အသေးစိတ်အခြေခံရမယ့်မူအဖြစ်ချမှတ်ရန် ကိစ္စမှာလည်း ဖြည့်စွက်ချမှတ်သင့်သည့်အချက်ဖြစ်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့က–

"တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးများရဲ့ အရည်အချင်း၊ အပိုဒ် ၁၁၊ အပိုဒ်ခွဲ (ဂ) အပိုဒ်ခွဲငယ် (၂)ရှိ "တရားလွှတ်တော်ရှေ့နေ (Advocate) အဖြစ် ၁၅နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ" ဆိုတဲ့စကားရပ်အစား**"တရားလွှတ်တော်ရှေ့နေ (Advocate) အဖြစ် အနည်းဆုံး ၁၅နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ"** လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ်ချမှတ်ရန်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က–

"တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးများရဲ့ အရည်အချင်း၊ အပိုဒ် ၁၁၊ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ် (၂)ရှိ "တရားလွှတ်တော်ရှေ့နေ (Advocate)အဖြစ် ၁၅နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ"ဆိုတဲ့စကားရပ်အစား **"တရားလွှတ်တော်ရှေ့နေ (Advocate) အဖြစ် အနည်းဆုံး ၁၅နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ"** လို့ဖြည့်စွက်၍ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း"

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။ ။

နိုင်ငံသား၊ နိုင်ငံသားများရဲ့ မူလအခွင့်အရေးနှင့်တာဝန်များအခန်း စုစည်းချက်အပိုဒ် ၅၀ကို ဖြည့်စွက်၍ ချမှတ်သင့်

စာမျက်နှာ ၅ မှ

ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဥပဒေပြုမှု အခွင့်အာဏာကိုသော် လည်းကောင်း၊ အုပ်ချုပ်မှု အခွင့်အာဏာကိုသော်လည်းကောင်း ကျင့်သုံးသော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကို ဆိုလိုသည်”

လို့ အသေးစိတ် အခြေခံရမယ့်မူကို ဖြည့်စွက်၍ချမှတ်ရန်သင့်လျော်ကြောင်း” ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က–

“အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ရှင်းလင်း ပြောကြားသွားတဲ့အတိုင်း စုစည်းတင်ပြချက်အပိုဒ် ၅၀ ကို ဖြည့်စွက်၍ ချမှတ်သင့်ကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီက–

“နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း” စုစည်းဖော်ပြချက်အပိုဒ် ၅၀ရှိ –

“ဤအခန်းပါ ‘နိုင်ငံတော်’ ဆိုသည်မှာ ရှေ့၊နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဥပဒေပြုမှု အခွင့်အာဏာကိုသော်လည်းကောင်း၊ အုပ်ချုပ်မှု အခွင့်အာဏာကိုသော်လည်းကောင်း ကျင့်သုံးသောအဖွဲ့အစည်းကိုဆိုလိုသည်”

ဆိုတဲ့ စကားရပ်အစား–

“ဤအခန်းနှင့် အခန်း(၁)၊နိုင်ငံတော် အခြေခံမူများအခန်းပါ ‘နိုင်ငံတော်’ ဆိုသည်မှာ ရှေ့၊နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဥပဒေပြုမှု အခွင့်အာဏာကိုသော်လည်းကောင်း၊ အုပ်ချုပ်မှု အခွင့်အာဏာကိုသော်လည်းကောင်း ကျင့်သုံးသော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကိုဆိုလိုသည်”

လို့ အသေးစိတ်အခြေခံရမည့်မူကို ဖြည့်စွက်၍ချမှတ်ရန်သင့်ပါကြောင်း” ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့က–

“အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြသွားတဲ့အတိုင်း စုစည်းဖော်ပြချက် အပိုဒ် ၅၀ ၌ ဖြည့်စွက်ချမှတ်သင့်ပါကြောင်း” ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက–

“ဤအခန်းနှင့် အခန်း(၁)၊ နိုင်ငံတော်အခြေခံမူများအခန်းပါ ‘နိုင်ငံတော်’ ဆိုသည်မှာ ရှေ့၊ နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဥပဒေပြုမှု အခွင့်အာဏာကိုသော်လည်းကောင်း၊ အုပ်ချုပ်မှု အခွင့်အာဏာကိုသော်လည်းကောင်း ကျင့်သုံးသောအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကိုဆိုလိုသည်”

လို့ ဖြည့်စွက်၍ အသေးစိတ်အခြေခံမူကို ချမှတ်သင့်ပါကြောင်း” ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်က–

“အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြသွားတဲ့အတိုင်း စုစည်းချက်အပိုဒ်၅၀ကို ဖြည့်စွက်ချမှတ်ရန် သင့်လျော်ပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ကိုးကန့် ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီက–

“အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်ပါ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံမူများ၊ အသေးစိတ် အခြေခံရမည့်မူများမှ အနည်းငယ်သော အချက်အလက်အပေါ် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်နှင့်စပ်လျဉ်းပြီး သဘောတူ ထောက်ခံပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ ‘ဝ’ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက–

“နိုင်ငံသား၊ နိုင်ငံသားများ၏မူလအခွင့်အရေးနှင့် တာဝန်များအခန်း” စုစည်းဖော်ပြချက် အပိုဒ်၅၀ရှိ စကားရပ်အစား–

“ဤအခန်းနှင့် အခန်း(၁)၊ နိုင်ငံတော်အခြေခံမူများအခန်းပါ ‘နိုင်ငံတော်’ ဆိုသည်မှာ ရှေ့၊ နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဥပဒေပြုမှု အခွင့်အာဏာကိုသော် လည်းကောင်း၊ အုပ်ချုပ်မှု အခွင့်အာဏာကိုသော်လည်းကောင်း ကျင့်သုံးသောအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကိုဆိုလိုသည်”

လို့ အသေးစိတ်အခြေခံရမယ့်မူကို ဖြည့်စွက်၍ ချမှတ်သည်မှာ သင့်လျော်ပါကြောင်း”

ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

ညီလာခံကိုယ်စားလှယ်အစုအဖွဲ့ (၈)ဖွဲ့အနက် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့က ဆွေးနွေးတင်ပြသော အကြံပြုချက်စာတမ်း(၄)စောင်အနက်–

- တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှကိုယ်စားလှယ်
- မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှကိုယ်စားလှယ်

တို့ရဲ့ သဘောထားကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်တဲ့ ယင်းတို့ရဲ့ နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ယင်းဆွေးနွေးချက်များအတိုင်းပင် သက်ဆိုင်ရာ ကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြတဲ့ ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ ဒေါက်တာမူထန်၊ ရှမ်းပြည်နယ် ရွှာင်မြို့နယ် မဲဆန္ဒနယ်မှ ဦးအောင်သိန်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ ဦးထွန်းကျော်တို့က–

“နိုင်ငံသား၊ နိုင်ငံသားများ၏မူလအခွင့်အရေးနှင့် တာဝန်များအခန်း”

“ဤအခန်းနှင့် အခန်း(၁)၊ နိုင်ငံတော်အခြေခံမူများအခန်းပါ ‘နိုင်ငံတော်’ ဆိုသည်မှာ ရှေ့၊ နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဥပဒေပြုမှု အခွင့်အာဏာကိုသော် လည်းကောင်း၊ အုပ်ချုပ်မှု အခွင့်အာဏာကိုသော်လည်းကောင်း ကျင့်သုံးသောအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကိုဆိုလိုသည်”

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ဖြည့်စွက်ချမှတ်ရန်သင့်ပါကြောင်း” ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြတဲ့ ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က–

“အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြသွားတဲ့အတိုင်း ‘နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း’ စုစည်းချက် အပိုဒ် ၅၀ကို ဖြည့်စွက်၍ ချမှတ်ရန်သင့်ပါကြောင်း” ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့က–

“ဤအခန်းပါ ‘နိုင်ငံတော်’ဆိုသည်မှာ ရှေ့၊နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုမှု အခွင့်အာဏာကိုသော်လည်းကောင်း၊ အုပ်ချုပ်မှုအခွင့်အာဏာကိုသော်လည်းကောင်း ကျင့်သုံးသောအဖွဲ့အစည်းကို ဆိုလိုသည်”

ဆိုတဲ့စကားရပ်အစား–

“ဤအခန်းနှင့် အခန်း(၁)၊ နိုင်ငံတော်အခြေခံမူများအခန်းပါ ‘နိုင်ငံတော်’ ဆိုသည်မှာ ရှေ့၊ နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုမှုအခွင့်အာဏာကိုသော်လည်းကောင်း၊ အုပ်ချုပ်မှုအခွင့်အာဏာကိုသော်လည်းကောင်း ကျင့်သုံးသော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကိုဆိုလိုသည်”

လို့ အသေးစိတ်အခြေခံရမည့်မူကို ဖြည့်စွက်၍ ချမှတ်ရန်သင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ်”

လို့ ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က–

“အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြသွားတဲ့အတိုင်း ‘နိုင်ငံသား၊ နိုင်ငံသားများရဲ့ မူလအခွင့်အရေးနှင့်တာဝန်များအခန်း’ စုစည်းချက်အပိုဒ် ၅၀ကို ဖြည့်စွက်၍ ချမှတ်သင့်ပါကြောင်း” ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့က–

“နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း” စုစည်းဖော်ပြချက် အပိုဒ် ၅၀ရှိ–

(၁၈)ကြိမ်မြောက် အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ ဝါဆိုသင်္ကန်းဆက်ကပ်ပွဲကို ဩဂုတ် ၁၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဆရာတော် သံဃာတော်များအား မြို့နယ်ဥက္ကဋ္ဌဦးအောင်ဆွေက ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းစဉ်။ (ဝ၄၆)

“ဤအခန်းပါ ‘နိုင်ငံတော်’ ဆိုသည်မှာ ရှေ့၊နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ဥပဒေပြုမှု အခွင့်အာဏာကိုသော်လည်းကောင်း၊ အုပ်ချုပ်မှု အခွင့်အာဏာကိုသော် လည်းကောင်း ကျင့်သုံးသောအဖွဲ့အစည်းကို ဆိုလိုသည်”

ဆိုတဲ့စကားရပ်အစား–

“ဤအခန်းနှင့် အခန်း (၁)၊ နိုင်ငံတော်အခြေခံမူများအခန်းပါ ‘နိုင်ငံတော်’ဆိုသည်မှာ ရှေ့၊ နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုမှု အခွင့်အာဏာကိုသော်လည်း ကောင်း၊ အုပ်ချုပ်မှုအခွင့်အာဏာကိုသော်လည်းကောင်း ကျင့်သုံးသော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကိုဆိုလိုသည်”

လို့ အသေးစိတ်အခြေခံရမည့်မူကို ဖြည့်စွက်၍ ချမှတ်သင့်ပါကြောင်း” ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့က–

“အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြသွားတဲ့အတိုင်း ‘နိုင်ငံသား၊ နိုင်ငံသားများရဲ့ မူလအခွင့်အရေးနှင့် တာဝန်များအခန်း’ စုစည်းဖော်ပြချက် အပိုဒ် ၅၀ ကို ဖြည့်စွက်၍ ချမှတ်သင့်ပါကြောင်း” ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့က–

“နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေး နှင့် တာဝန်များအခန်း” စုစည်းဖော်ပြချက် အပိုဒ် ၅၀ တွင် **“ဤအခန်း”**၏ နောက်၌ **“နှင့် အခန်း(၁)၊ နိုင်ငံတော်အခြေခံမူများအခန်း”**ဟူသောစာသားနှင့် **“ကျင့်သုံးသော အဖွဲ့အစည်း၏”** နောက်တွင် **“သို့မဟုတ် ပုဂ္ဂိုလ်”** ဆိုသော စာသားများကို ဖြည့်စွက်ပြီး–

“ဤအခန်းနှင့် အခန်း(၁)၊ နိုင်ငံတော်အခြေခံမူများအခန်းပါ ‘နိုင်ငံတော်’ ဆိုသည်မှာ ရှေ့၊ နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုမှုအခွင့်အာဏာကိုသော်လည်းကောင်း၊ အုပ်ချုပ်မှု အခွင့်အာဏာကိုသော်လည်းကောင်း ကျင့်သုံးသောအ ဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကို ဆိုလိုသည်”

လို့ အသေးစိတ် အခြေခံရမယ့်မူကို ဖြည့်စွက်၍ ချမှတ်ရန်သင့်ပါကြောင်း” ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က–

“အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြသွားတဲ့အတိုင်း ‘နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း’ စုစည်းဖော်ပြချက် အပိုဒ် ၅၀ ကို ဖြည့်စွက်၍ ချမှတ်သင့်ပါကြောင်း” ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။ ။

နိုင်ငံတော်အခြေခံမူများအခန်းပါ ‘နိုင်ငံတော်’ ဆိုသည်မှာ ရှေ့၊ နောက် စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဥပဒေပြုမှုအခွင့်အာဏာကိုသော်လည်းကောင်း၊ အုပ်ချုပ်မှု အခွင့်အာဏာကိုသော်လည်းကောင်း ကျင့်သုံးသော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကို ဆိုလိုသည်။

✳ ကျောဖုံးမှ

ဧည့်သည်တော် Political Commissar General,Liu Dongdong ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ နယ်မြေခံတပ်မှ ဗိုလ်မှူးချုပ်လှဝင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ ခေတ္တကောင်စစ်ဝန်ချုပ် Mr. Zhang Yong Jian နှင့် တာဝန်ရှိသူများက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဧည့်သည်တော် Political Commissar General,Liu Dongdong ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် တာဝန်ရှိသူများလိုက်ပါ၍ မော်တော်ယာဉ်များဖြင့်ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်သို့ ရောက်ရှိကြရာ စစ်တက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

နှုတ်ခွန်းဆက်စကားပြောကြား

ယင်းနောက် ဧည့်သည်တော် Political Commissar General,Liu Dongdong ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား စစ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ စစ်တက္ကသိုလ် ပါမောက္ခချုပ်ဗိုလ်မှူးချုပ် ကျော်ဆွေက နှုတ်ခွန်းဆက်စကား ပြောကြားပြီး တာဝန်ခံအရာရှိက စစ်တက္ကသိုလ်သမိုင်းကြောင်းနှင့်ဗိုလ်လောင်းများ၏ လှုပ်ရှားဆောင်ရွက်နေမှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် ဧည့်သည်တော် Political Commissar General,Liu Dongdong က စစ်တက္ကသိုလ် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌လက်မှတ်ရေးထိုးပြီး စစ်တက္ကသိုလ်ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် အမှတ်တရ လက်ဆောင်များကို အပြန်အလှန် ပေးအပ်ကြသည်။

ကြည့်ရှုလေ့လာ

ဆက်လက်၍ ဧည့်သည်တော် Political Commissar General,Liu Dongdong ၊ စစ်တက္ကသိုလ်ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် တာဝန်ရှိသူများသည် စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီးစစ်တက္ကသိုလ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် Political Commissar General, Liu Dongdong ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် တပ်မတော်နည်းပညာ တက္ကသိုလ်သို့ ရောက်ရှိကြရာ တပ်မတော်နည်းပညာ တက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ် ဝင်းမြင့်နှင့် တာဝန်ရှိသူများက ကြိုဆို နှုတ်ဆက်ကြသည်။

ဗီဒီယိုမှတ်တမ်း

ထို့နောက် ဧည့်ခန်းမ၌ ဧည့်သည်တော် Political Commissar General, Liu Dongdong ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ အား တပ်မတော်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ဝင်းမြင့်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး တာဝန်ခံအရာရှိက တပ်မတော်နည်း ပညာတက္ကသိုလ် သမိုင်းကြောင်းနှင့် သင်တန်းနှင့် စပ်လျဉ်းသည်များကို ဗီဒီယိုမှတ်တမ်းဖြင့် ပြသသည်။

ဆက်လက်၍ ဧည့်သည်တော် Political Commissar General, Liu Dongdong က တပ်မတော်နည်း ပညာတက္ကသိုလ် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုး ပြီး တပ်မတော်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် အမှတ်တရလက်ဆောင်များကို အပြန် အလှန်ပေးအပ်ကြသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် ဧည့်သည်တော် Political Commissar General, Liu Dongdong ၊ တပ်မတော် နည်းပညာ တက္ကသိုလ်ပါမောက္ခချုပ် ဗိုလ်မှူးချုပ် ဝင်းမြင့်နှင့် တာဝန်ရှိသူများသည် စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံ ရိုက်ကြပြီး တပ်မတော်နည်းပညာ တက္ကသိုလ်အတွင်း မော်တော်ယာဉ် များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြ သည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် Political Commissar General, Liu Dongdong ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင် များသည် တပ်မတော်နည်းပညာ တက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ် ဝင်းမြင့်နှင့် တာဝန်ရှိသူများလိုက်ပါ ၍ အမျိုးသားကန်တော်ကြီး ဥယျာဉ် သို့ ရောက်ရှိကြရာ စစ်တက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

တည်ခင်းဧည့်ခံ

ထို့နောက် ဧည့်သည်တော် Political Commissar General, Liu Dongdongဦးဆောင်သော ချစ်ကြည် ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား စစ် တက္ကသိုလ် ပါမောက္ခချုပ်ဗိုလ်မှူးချုပ် ကျော်ဆွေက အမျိုးသား ကန်တော်ကြီး ဥယျာဉ် ဧည့်ရိပ်သာ၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ယင်းနောက် ဧည့်သည်တော် Political Commissar General, Liu Dongdongဦးဆောင်သော ချစ်ကြည် ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် တာဝန်ရှိသူများလိုက်ပါ၍ အမျိုးသား ကန်တော်ကြီးဥယျာဉ်အတွင်းရှိ နန်းမြင့် မျှော်စင်နှင့် သဘာဝရှုခင်းများကို လှည့် လည်ကြည့်ရှုလေ့လာကြပြီး ပြင်ဦးလွင် မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာ လာကြရာ ညနေ၃နာရီတွင် မန္တလေးမြို့ သို့ ရောက်ရှိကြသည်။

လေ့လာ

ဧည့်သည်တော် Political Commissar General, Liu Dongdong ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စား လှယ်အဖွဲ့ဝင်များသည် တာဝန်ရှိသူ များ လိုက်ပါ၍ ညနေ၄နာရီတွင် မြနန်း စံကျော် ရွှေနန်းတော်သို့ သွားရောက် ကြည့်ရှုလေ့လာကြပြီး ဧည့်သည်တော် Political Commissar General, Liu Dongdong က မြနန်းစံကျော် ရွှေနန်းတော် ဧည့်သည်တော် မှတ်တမ်း စာအုပ်၌ လက်မှတ်ရေးထိုးသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် Polital Commissar General, Liu Dongdongဦးဆောင်သော ချစ်ကြည် ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မန္တလေးတောင် ဆုတောင်းပြည့်ဘုရား သို့ရောက်ရှိကြရာ ဂေါပကအဖွဲ့ဝင်များ နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဖူးမြော်ကြည်ညို

ယင်းနောက် ဧည့်သည်တော် Political Commissar General, Liu Dongdongဦးဆောင်သော ချစ်ကြည် ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မန္တလေးတောင် ဆုတောင်းပြည့်ဘုရား အား လက်ယာရစ် လှည့်လည်ဖူးမြော် ကြည်ညိုကြပြီး ရင်ပြင်တော်ပေါ်မှ မန္တလေးမြို့၏ နေဝင်ဆည်းဆာအလှ ကို ကြည့်ရှုကြ၍ ဧည့်သည်တော် Political Cammissar General, Liu Dong dong က မန္တလေးတောင် ဆုတောင်းပြည့်ဘုရား ဧည့်သည်တော် မှတ်တမ်း စာအုပ်၌ လက်မှတ်ရေးထိုး ကာ ဆီမီးပူဇော်သည်။

ကုသိုလ်တော်ဘုရား

ဆက်လက်၍ ဧည့်သည်တော် Political Cammissar General, Liu Dongdong ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင် များသည် ကုသိုလ်တော် ဘုရားသို့ ရောက်ရှိကြ၍ လက်ယာရစ် လှည့် လည်ဖူးမြော် ကြည်ညိုကြသည်။

ညပိုင်းတွင် ဧည့်သည်တော် Political Cammissar General, Liu Dongdongဦးဆောင်သော ချစ်ကြည် ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များအား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ခင်ဇော်က မန္တလေးမြို့ ဆီဒိုးနား ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်း ဧည့်ခံသည်။

တက်ရောက်

အဆိုပါ ညစာစားပွဲသို့ မန္တလေး မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့် တပ်မတော်အရာရှိကြီး များ တက်ရောက်ကြသည်။

ညစာစားပွဲအပြီးတွင် ဧည့်သည် တော် Political Cammissar General,Liu Dongdong နှင့် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်တို့သည် အမှတ်တရ လက်ဆောင်များကို အပြန်အလှန်ပေး အပ်ကြသည်။

ဧည့်သည်တော် Political Cammissar General,Liu Dongdong ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စား လှယ်အဖွဲ့သည် ယနေ့နံနက် ၈နာရီ ခွဲတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီး ဖြင့် ဆက်လက် ထွက်ခွာလာကြရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်း တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ခင်ဇော်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံရုံးမှ ခေတ္တကောင်စစ်ဝန်ချုပ် Mr.Zhang Yong Jian နှင့် တာဝန်ရှိသူများက မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ် တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ရန်ကုန်မြို့သို့ ဆက်လက် မထွက်ခွာမီ မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်ဧည့်ခန်းမ၌ ဧည့်သည်တော် Political Cammissar General, Liu Dongdongအား တိုင်းမှူးဗိုလ်ချုပ် ခင်ဇော်က ခရီးစဉ်မှတ်တမ်း ဓာတ်ပုံ အယ်လ်ဘမ်ကို ပေးအပ်သည်။

(သတင်းစဉ်)

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ Jinan Military Region Command **မှ** Political Commissar General, Liu Dongdong **အား အမှတ်တရ လက်ဆောင်ပေးအပ်စဉ်။** (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၈–၈–၂၀၀၇ရက် (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ အကပြိုင်ပွဲ
၈:၁၀ ၆။ တေးဂီတအစီအစဉ်
၈:၃၀ ၇။ International News
၈:၄၅ ၈။ Grammar Made Easy
၉:၀၀ ၉။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
၁၂:၃၅ ၆။ **"ကျောင်းသို့မသွေ့ သွားစို့လေ"** ဇော်ဝမ်း၊ ဖိုးသောကြာ၊ ဇော်ဝင်းမောင်၊ မင်းအောင်သူ၊ နေယံ၊ ခင်မို့မို့အေး၊ ခင်သန်းဝင်း၊ ဂွမ်းပုံကြီး၊ ချောနဝင်း၊ သဥ္ဇာ၊ သိမ့်သိမ့်ထွဏ်း (ဒါရိုက်တာ–ချစ်ချစ်ဇော်)
၁၃:၁၀ ၇။ ခြံစည်းရိုးကြက်ဆူ စံပြကျေးရွာ (ပင်ငိုကျေးရွာ)
၁၃:၁၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၃:၃၀ ၉။ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ရှားဆောင်ရွက်မှု
၁၃:၄၅ ၁၀။ မူဟာန်သွယ်သွယ်ဆိုကြမယ်
၁၄:၀၀ ၁၁။ အတီးပြိုင်ပွဲ
၁၄:၁၅ ၁၂။ ရန်ကုန်တိုင်း ပေါင်းလင်း(ငမိုးရိပ်ရေကူ)ရေလှောင်တမံ
၁၄:၃၀ ၁၃။ **"ငါးရစ်မျိုးငါး တို့မစား"** ဇေရာ၊ ခိုင်သင်းကြည်၊ မေပိုးအိ၊ ညိုညိုစိမ့်၊ မြသက်ထား (ဒါရိုက်တာ–ရဲဝင်းနီ)
၁၄:၄၅ ၁၄။ International News
၁၅:၀၀ ၁၅။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(သချာၤအထူးပြု) [သချာၤ]
၁၆:၅၅ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၁၇:၀၅ ၆။ တေးဂီတအစီအစဉ်
၁၇:၁၅ ၇။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၇:၂၅ ၈။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၁၈:၀၀ ၉။ ညနေခင်းသတင်း
၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၁။ အလှရှာမယ် လှကမ္ဘာဝယ်
၁၈:၅၅ ၁၂။ စွမ်းဆောင်မှုမှာ စံတင်ထားသူ့ရဲ့အမည် ချင်းတွင်းသား
၁၉:၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သမားတော်"** (အပိုင်း–၅၂)
၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာနှောင်ကြိုး"** (အပိုင်း–၁၅)

ရှယ်ယာဈေးကွက်ဆိုင်ရာဟောပြောမည်

ရန်ကုန် ဩဂုတ် ၁၇

မြန်မာငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးလီမိတက် (MSEC)၏ စတော့စ်ရှယ်ယာဈေးကွက်နှင့် ပတ်သက်၍ Public Companies and Capital Market Development ခေါင်းစဉ်ဖြင့် ဩဂုတ် ၂၂ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ၁နာရီတွင် MSEC မှ အကြီးတန်းမန်နေဂျာ ဦးသက်ထွန်းဦး နှင့် ဒေါ်ခင်ထွေးရွှေတို့က ရန်ကင်းမြို့နယ်ရှိ မြန်မာနိုင်ငံဘဏ်များအသင်းခန်းမ၌ ဟောပြောမည်ဖြစ်ရာ MSEC ရုံး အမှတ်၂၁–၂၅ ဆူးလေဘုရားလမ်း မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်) ပထမထပ် ဖုန်း–၃၇၄၈၉၄၊ ၃၈၇၀၃၁တို့သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ဩဂုတ် ၁၇ရက်က အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ဧည့်ခံပွဲသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr.Philemon Arobaya**နှင့် ဇနီးတို့ ကြိုဆိုနှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

သာစည်မြို့နယ်အသင်း (ရန်ကုန်) ဝါဆိုသင်္ကန်း ဆက်ကပ် လှူဒါန်းပွဲ၊ သက်ကြီး ပူဇော်ပွဲနှင့်ပညာရည်ချွန် ဆုချီးမြှင့်ပွဲကို ဩဂုတ်၁၂ရက်က ရန်ကင်းမြို့နယ်အောင်ချမ်းသာ ပရိယတ္တိစာသင်တိုက်၌ကျင်းပရာ အသင်းနာယက သီရိသုဓမ္မသီဂိဒေါ်အေးအေးချို က အသင်းဝင် ဦးစိုးမြင့်–ဒေါ်ခင်လေးရီတို့၏ သား ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် သုံးဘာသာ ဂုဏ်ထူးရှင်မောင်ဟိန်းသူ (တပ်မတော်ဆေးတက္ကသိုလ်)အား ဆုချီးမြှင့်စဉ်။ (က–ပ)

■ ကျောဖုံးမှ

အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က လှူဒါန်းရခြင်းအကြောင်း ပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အင်းစိန်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းသို့ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးအတွက် ခြင်ဆေးဖျန်း၊ ခြင်ဆေးငွေ့မှုတ်စက် နှစ်လုံးကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(အင်းစိန်မြို့နယ်တာဝန်ခံ) အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီးဦးခင်မောင်မြင့်က ပေးအပ်လှူဒါန်းရာ အင်းစိန်မြို့နယ် ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် အင်းစိန်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင့်လွင်တို့က လက်ခံယူသည်။

လက်တွေ့သရုပ်ပြ

အခမ်းအနားအပြီးတွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး အတွက် ခြင်ဆေးဖျန်း၊ ခြင်ဆေးငွေ့မှုတ်စက်နှစ်လုံးတို့ဖြင့် အင်းစိန်မြို့နယ် အသင်းရုံးရှေ့ပတ်ဝန်းကျင်၌ ခြင်ဆေးဖျန်း၊ ခြင်ဆေးငွေ့မှုတ်ခြင်း လက်တွေ့ သရုပ်ပြ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ဧရာဝတီတိုင်းရှိ ငါးမွေးမြူရေးစခန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေး လိုက်ပါလျက် ဩဂုတ် ၁၂ရက်က ဧရာဝတီတိုင်း ပန်းတနော်မြို့နယ် မိုးကုတ်ဒီးဒုတ်ရေနက်ကွင်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း ဖြိုးဧရာ ငါးမွေးမြူရေးကုမ္ပဏီ အမှတ်(၄) ငါးမွေးမြူရေးစခန်း (မိုးကုတ်ဒီးဒုတ်)သို့ ရောက်ရှိပြီး စခန်းတွင် ပြုစုမွေးမြူထားသည့် ငါးငယ်ကန်များမှ ငါးမှုန်၊ ငါးသန်များ၏ ကျန်းမာသန်စွမ်းမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့သည် ဧရာဝတီတိုင်း သာပေါင်းမြို့နယ် သဲဖြူကွင်းကျေးရွာရှိ ဖြိုးဧရာငါးမွေးမြူရေးလုပ်ငန်းအမှတ်(၃) ငါးမွေးမြူရေးစခန်း(သဲဖြူ) သို့ ရောက်ရှိပြီး ပြင်ပရေလျှံမှုကြောင့် ငါးကန် တာပေါင်များ ပြုပြင်စီမံထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားရမည့် အခြေအနေများကို စက်တပ်သမ္ဗာန်ဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးပြီး စခန်း ရှင်းလင်းဆောင်၌ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက ချက်ချင်းစီမံ ပြုပြင်ဆောင်ရွက်ရမည့် အခြေအနေ အသေးစိတ်ကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် သာပေါင်းမြို့နယ် ဇီးဖြူကွင်းကျေးရွာရှိ ဖြိုးဧရာငါးမွေးမြူရေးကုမ္ပဏီ၏ အမှတ်(၅) ငါးမွေးမြူရေးစခန်း(ဇီးဖြူကွင်း)သို့ ရောက်ရှိပြီး စခန်းရှင်းလင်းဆောင်၌ ဗဟိုအလုပ်အမှုဆောင်က လိုအပ်သည်များ ဆွေးနွေးမှာကြားပြီး စခန်းအတွင်း ငါးကန်များ အခြေအနေကို စက်တပ်သမ္ဗန်ဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဖြည့်စွက်ဆွေးနွေး

ညနေပိုင်းတွင် ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ဧရာဝတီတိုင်း ပုသိမ်မြို့ရှိ ဧရာဝတီတိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူးရုံးသို့ ရောက်ရှိပြီး မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ ဦးစီးဌာနများမှ ဝန်ထမ်းများနှင့် တွေ့ဆုံကာ ဝန်ကြီးက ဧရာဝတီတိုင်း ရေကြီးရေလျှံမှုကြောင့် ဖြစ်ပေါ်လာမည့် ငါးမွေးမြူရေးကန်များ၏ ပျက်စီးဆုံးရှုံးမှု မဖြစ်စေရေးအတွက် ကြိုတင်ကာကွယ်ရန်ရေကြီးရေလျှံမှု နောက်ပိုင်းတွင် ဖြစ်ပေါ်လာနိုင်သည့် တိရစ္ဆာန်ရောဂါဆိုင်ရာများ ကြိုတင်ကာကွယ်ထားရှိရန် အခြေအနေများကို ဆွေးနွေးမှာကြားသည်။

ဝန်ကြီးသည် ဩဂုတ် ၁၃ရက် နံနက်ပိုင်းတွင် ငါးလုပ်ငန်းဦးစီးဌာန ပန်းတနော် ငါးလုပ်ငန်းစခန်းသို့ ရောက်ရှိပြီး စခန်းအတွင်း ရေကြီးရေလျှံမှုအခြေအနေများကို တာဝန်ရှိသူတို့က ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များ ဆွေးနွေးမှာကြားကာ စခန်းရေကြီးရေလျှံမှု အခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဧရာဝတီတိုင်း မအူပင်မြို့နယ်ရှိ ငါးလုပ်ငန်းဦးစီးဌာန၏ ဧက ၃၀၀ ငါးအသားတိုးမွေးမြူရေးစခန်း၏ ငါးကန်များ ဖော်ယူရောင်းချမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စခန်းယာယီရှင်းလင်းဆောင်တွင် မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူးနှင့် စခန်းတာဝန်ရှိသူများ၏ တင်ပြချက်အပေါ် ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး ငါးမွေးမြူရေး ကန်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထည့်သွင်းမွေးမြူ

ဆက်လက်၍ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် မအူပင်မြို့နယ်ရှိ ဖြိုးဧရာ အမှတ်(၂) ငါးမွေးမြူရေးစခန်း (ဝါးတော)သို့ရောက်ရှိပြီး အသားတိုး ငါးကန်များတွင် ထည့်သွင်းမွေးမြူသွားမည့် ငါးဖြန်း၊ ငါးလတ်များ၏ ကြီးထွားသန်မာမှု အခြေအနေကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ဖြည့်စွက်မှာကြား

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် ညောင်တုန်းရေနက်ကွင်း ကျိုးမဲကြီးရှိ မင်းဇာနည်ကုမ္ပဏီမှ မွေးမြူဆောင်ရွက်လျက်ရှိသော အသားတိုး ငါးမွေးမြူရေးစခန်းသို့ လည်းကောင်း၊ သဇင်ရေကျော်ရှိ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဖြိုးဧရာ ငါးမွေးမြူရေးစခန်းအမှတ်(၁) (သဇင်ရေကျော်)သို့ လည်းကောင်း ရောက်ရှိပြီး စခန်းတာဝန်ခံများ၏ တင်ပြချက်အပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး ငါးမွေးမြူရေးကန်များကို အဝေးကြည့်မှန်ပြောင်းဖြင့်ကြည့်ရှုပြီးလိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ညနေပိုင်းတွင် ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ညောင်တုန်းမြို့နယ် မအူပင်၊ ဆားမလောက် လမ်းရှိ ငါးလုပ်ငန်းဦးစီးဌာန သုတေသနဓာတ်ခွဲခန်း ဆောက်လုပ်ပြီးစီးနေမှု အခြေအနေကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာ့အေးစေတီတော် ထီးတော်သစ် တင်လှူပူဇော်ရေး အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၁၇

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ သီရိမင်္ဂလာ ကမ္ဘာ့အေးစေတီတော် ထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်များ အသစ်တင်လှူပူဇော်ရေးအတွက် အစည်းအဝေးကို ဩဂုတ် ၁၄ရက် ညနေပိုင်းတွင် ဂေါပကရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို တက်ရောက်အမှာစကားပြောကြားသည်။

ဆက်လက်၍ စိန်ဖူးတော်လှူဒါန်းမှုအတွက် ငွေကျပ်သိန်း ၂၀နှင့် ထီးတော်အလှူရှင် အေးအေးခိုင်ကျောက်စိမ်းနှင့် ကျောက်မျက်ကုမ္ပဏီမှ ငွေကျပ်သိန်း၃၀ လှူဒါန်းရာ ဒုတိယဝန်ကြီးက လက်ခံသည်။ **(ဓာတ်ပုံ)**

ထီးတော်သစ် တင်လှူရေးတွင် ပါဝင်ကုသိုလ်ပြုလှူဒါန်းလိုပါက ဂေါပကအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း–၆၆၅၄၂၅ နှင့် ၆၆၂၈၈၂ တို့သို့ဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အထူးတရားပွဲများ

ရန်ကုန် ဩဂုတ် ၁၇

မန္တလေးတိုင်း မိတ္ထီလာမြို့ ကံဦးရပ် ကြည်ကုန်းနယ်မြေ ကျောင်းသစ်ကျောင်း မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ အမှတ်(၁၂၉)၏ ပဓာနနာယက ကျောင်းသစ်ကျောင်း ဆရာတော် မိတ္ထီလာဆရာတော် ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တပညာစာရသည် မိတ္ထီလာမြို့နယ် မန်ကျည်းပင်ပုကျေးရွာ တိုက်ကျောင်းအတွင်း၌ဝါတွင်းကာလအဖိတ် ဥပုသ်နေ့တိုင်း ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ရာ မည်သူမဆို တရားနာယူနိုင်ပြီး ဖုန်း–၀၆၄–၂၅၂၄၇ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ တတိယအဆင့် ရှုံး/ထွက်ပွဲစဉ် စီးပွား/ကူးသန်းနိုင်

နေပြည်တော် ဩဂုတ် ၁၇

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ တတိယအဆင့် ရှုံး/ထွက်ပွဲစဉ်၏ နောက်ဆုံးပြိုင်ပွဲကို ယနေ့ ညနေ၃နာရီခွဲတွင် နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်း၌ ဆက်လက်ကျင်းပရာ (ဃဃ)အုပ်စုမှ အုပ်စုပထမ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် (ခခ)အုပ်စုမှ အုပ်စုဒုတိယ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းက သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ကြည့်ရှုအားပေး

အဆိုပါဘောလုံးပြိုင်ပွဲသို့ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ အရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။

အကြိုဗိုလ်လုပွဲ

ယင်းဘောလုံးပြိုင်ပွဲကို ဩဂုတ် ၁၈ရက်နှင့် ၁၉ရက်တို့တွင် နှစ်ရက်ရပ်နားမည်ဖြစ်ပြီး ဩဂုတ် ၂၀ရက် ညနေ ၃နာရီခွဲတွင် နေပြည်တော် ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်း၌ အကြိုဗိုလ်လုပွဲ ပွဲစဉ်(၁)ကို ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအသင်းနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အသင်းတို့သည် လည်းကောင်း၊ ဩဂုတ် ၂၁ရက်တွင် အကြိုဗိုလ်လုပွဲ ပွဲစဉ်(၂)ကို အားကစားဝန်ကြီးဌာနအသင်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အသင်းတို့သည်လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဗိုလ်လုပွဲ

ဩဂုတ် ၂၂ရက်တွင် တစ်ရက်နားမည်ဖြစ်ပြီး ဩဂုတ် ၂၃ရက် ညနေ ၃နာရီခွဲတွင် နေပြည်တော် ပေါင်းလောင်းအားကစားကွင်း၌ တတိယနေရာလုပွဲကိုလည်းကောင်း၊ ဩဂုတ် ၂၄ရက် ညနေ၃နာရီခွဲတွင် နေပြည်တော်ရှိ အမှတ်(၁) နေပြည်တော် အားကစားကွင်း၌ ဗိုလ်လုပွဲကို လည်းကောင်း ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီး ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်နှင့် အဖွဲ့ဝင်များ ခွဲစိတ်ပြီး မျက်စိဝေဒနာရှင်များအား လိုအပ်သည့်ဆေးဝါးများ ပေးအပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေး

ရန်ကုန် ဩဂုတ် ၁၇

ကျန်းမာရေး ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ပဲခူးတိုင်း (အနောက်ပိုင်း) ပေါင်းတည်မြို့နယ်အတွင်းမှ မျက်စိဝေဒနာရှင်များအား ရန်ကုန်မြို့ မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေး ဆေးရုံကြီး၌ မျက်စိအထူးကုဆရာဝန်ကြီးများ ခေါင်းဆောင်သည့် အဖွဲ့က ဩဂုတ် ၁၅ရက်နှင့် ၁၆ရက်တို့တွင် အခမဲ့ခွဲစိတ်ကုသပေးကြသည်။

အခမဲ့ခွဲစိတ်ပေး

အဆိုပါ အခမဲ့မျက်စိ ခွဲစိတ်ကုသခြင်း လုပ်ငန်းများတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာ ဌာနကြီး ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ် ဦးဆောင်ပြီး မျက်စိအထူးကုဆရာဝန်ကြီးများဖြစ်ကြသော ဆေးတက္ကသိုလ် (၂) မျက်စိပညာဌာန ပါမောက္ခဌာနမှူး ဒေါက်တာဦးကိုကိုသန့်၊ ပါမောက္ခ ဒေါက်တာဦးကံညွှန့်၊ ဒေါက်တာနီလာသိန်းနှင့် မျက်စိဆရာဝန် ၁၁ဦးတို့ ပါဝင်ကြပြီး မျက်စိဝေဒနာရှင် ၁၁၄ဦးတို့အား အခမဲ့ခွဲစိတ်ပေးခဲ့ကြသည်။

ပံ့ပိုးကူညီ

မျက်စိအခမဲ့ ခွဲစိတ်ကုသရာသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌမြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးကြသည့်အပြင် ခွဲစိတ်ကုသမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် ရန်ကုန်မြို့ မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးမှဆေးရုံအုပ်ကြီး ဒေါက်တာဦးချစ်ကိုတင်နှင့် ဆရာဝန်၊ ဆရာမများ၊ ဆေးရုံဝန်ထမ်းများကလည်း အဘက်ဘက်မှ ကူညီပံ့ပိုးပေးကြသည်။

လှူဒါန်း

ယခုအခမဲ့ ခွဲစိတ်ကုသမှုလုပ်ငန်းများအတွက် လိုအပ်သောဆေးဝါးနှင့် ကုန်ကျစရိတ်များကို မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရွှေနှင့်ဇနီး ဒေါ်ခင်ဝင်းမိသားစုနှင့် Mother Trading Co., Ltd. မန်နေဂျင်းဒါရိုက်တာဦးအောင်မြတ်တို့က လှူဒါန်းခဲ့ကြသည်။ **(သတင်းစဉ်)**

မျက်စိဝေဒနာရှင်များအား မျက်စိအထူးကု ဆရာဝန်များ ပြန်လည်စစ်ဆေးကုသပေးကြစဉ်။ (သတင်းစဉ်)

ဖိလစ်ပိုင်တွင် မိုးသည်းထန်ပြီး ရေလွှမ်း လူလေးသိန်းခန့် ရေဘေးဒုက္ခကြုံတွေ့

မနီလာ ဩဂုတ် ၁၇

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းတွင် ဩဂုတ် ၁၇ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှုများဖြစ်ပွားခဲ့ရာ လူလေးသိန်းခန့် ရေဘေးဒုက္ခကြုံတွေ့ခဲ့ရကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

အရေးပေါ်ကယ်ဆယ်

ရေလွှမ်းမှုဒဏ် အဆိုးရွားဆုံး ကြုံတွေ့ရသောဒေသမှာ ပမ်ပန်ဂါ ပြည်နယ်တွင်ဖြစ်ပြီး ကျေးရွာပေါင်း ၂၄၁ရွာ ရေဘေးဒုက္ခကြုံတွေ့ရသဖြင့် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေရကြောင်း သတင်း၌ ဆက်လက်ဖော်ပြသည်။

မြန်မာ့အလင်း
အင်တာနက်
ဟောင်ပိတ်သတင်း

လျှပ်စစ်ကောင်းကင် ရထားလိုင်းများ ကမ္ဘောဒီးယား၌ တည်ဆောက်မည်

ဖနောင်ပင် ဩဂုတ် ၁၇

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် ဗန်ကောက်မက်ထရန်စမစ် စစ်စတန် (ဘီတီအက်စ်) လုပ်ငန်းက လျှပ်စစ်ကောင်းကင်ရထားလိုင်းနှစ်ခုကို တည်ဆောက်သွားမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားမီဒီယာများက ဩဂုတ် ၁၅ရက်၌ ဖော်ပြသည်။

ဘီတီအက်စ်လုပ်ငန်းက အဆိုပါ စီမံကိန်းအတွက် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း ဘီတီအက်စ် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် မေဗူသီက ပြောကြားသည်။

သွယ်တန်း

အဆိုပါ ကောင်းကင် ရထားလိုင်းတစ်ခုသည် ကမ္ဘောဒီးယားနိုင်ငံရှိ ဂျပန်-ကမ္ဘောဒီးယားချစ်ကြည်ရေး တံတားမှ မိုနီဗွန်တံတားသို့ သွယ်တန်း တည်ဆောက်မည်ဖြစ်သည်။ ရှစ်ကီလိုမီတာရှည်သော နောက်ထပ် ကောင်းကင် ရထားလိုင်းတစ်ခုမှာ ဖနောင်ပင်မြို့ ဗဟိုဈေးမှ စတီယန်မီနာချီအရပ်သို့ သွယ်တန်းတည်ဆောက်မည်ဖြစ်သည်။

ဆောင်ရွက်

စတီယန်မီနာချီအရပ်မှာ ဖနောင်ပင်မြို့ရှိ အကြီးမားဆုံး အထည်ချုပ်လုပ်ငန်းများ တည်ရှိရာနေရာဖြစ်သည်။ အဆိုပါ စီမံကိန်းကို ကမ္ဘောဒီးယားအစိုးရနှင့်ဘီတီအက်စ်တို့ ပူးတွဲလေ့လာခဲ့ကြပြီးမှ ပူးပေါင်းဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်။

တည်ဆောက်

ထိုစီမံကိန်းကို ၂၀၀၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်းအပြီး တည်ဆောက်မည်ဖြစ်သည်။ **(အင်တာနက်)**

သရုပ်ပြပျော်ပြေ

အိန္ဒိယနိုင်ငံ ဂျမူးမြို့၌ နှစ် (၆၀)ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနားတွင် ကျောင်းသား၊ ကျောင်းသူလေးများ၏ သရုပ်ပြ ပျော်ပြေမှုကို ဩဂုတ်၁၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယမှ အထည်အလိပ်များ မလေးရှား တိုးမြှင့်ဝယ်ယူမည်

ကွာလာလမ်ပူ ဩဂုတ် ၁၇

အာဆီယံ-အိန္ဒိယ လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီမှု၏ ပထမခြေလှမ်းအဖြစ် လာမည့်နှစ်အတွင်း အိန္ဒိယမှ အထည်အလိပ်များအား မလေးရှားနိုင်ငံမှ တိုးမြှင့်ဝယ်ယူမည်ဖြစ်ကြောင်း ဒေသတွင်း မီဒီယာများက ဩဂုတ် ၁၄ ရက်တွင် သတင်းထုတ်ပြန်သည်။

ဖော်ပြ

အာဆီယံ-အိန္ဒိယ လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီမှုအရ သွင်းကုန်ထုတ်ကုန် အကောက်ခွန်များအား ၉၀ ရာခိုင်နှုန်းလျှော့ချမည်ဖြစ်ပြီး အချို့သွင်းကုန်ထုတ်ကုန်များအပေါ်တွင် အခွန်စည်းကြပ်မှု မပြုလုပ်ကြောင်း မလေးရှား အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေး ဒုတိယဝန်ကြီး နန်လပ်စ်ရောင်း၏ ပြောကြားချက်ကို နယူးစတိတ်တိုင်းမ် သတင်းစာက ကိုးကားဖော်ပြသည်။

ယခုနှစ် ဇန်နဝါရီလမှ မေလအထိ အိန္ဒိယနှင့် မလေးရှားနှစ်နိုင်ငံ ကုန်သွယ်မှုမှာ ၃ဒသမ၃ ဘီလီယံရှိခဲ့ပြီး ယင်းမှာ ၂၀၀၆ ခုနှစ် တစ်နှစ်လုံး ကုန်သွယ်မှု၏ ထက်ဝက်ရှိ ကြောင်း၊ အိန္ဒိယသို့ အဓိကတင်ပို့သောကုန်ပစ္စည်းများမှာ ရေနံစိမ်းနှင့် အီလက်ထရွန်နစ် ထုတ်ကုန်ပစ္စည်းများဖြစ်ကြောင်း၊ အိန္ဒိယမှ ဝယ်ယူသောပစ္စည်းများမှာ ဓာတုထုတ်ကုန်များ၊ အသားများနှင့် သံမဏိများပါဝင်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပါကစ္စတန် လေယာဉ်မယ်တစ်ဦး လေယာဉ်ပေါ်သို့ ပစ္စတိုသေနတ်ယူရန်ကြိုးစား

ကရာချိ ဩဂုတ် ၁၇

ပါကစ္စတန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းပေါ်သို့ ဩဂုတ် ၁၃ ရက်က ပါကစ္စတန် လေယာဉ်မယ်တစ်ဦးက ပစ္စတိုသေနတ်တစ်လက်ကိုသယ်ဆောင်ရန် ကြိုးစားခဲ့ကြောင်း ပါကစ္စတန် ရဲတပ်ဖွဲ့နှင့် လေဆိပ်အရာရှိများက ပြောကြားသည်။

ကြိုးစားခဲ့

အဆိုပါ လေယာဉ်မယ်သည် အသက် ၂၀အရွယ်ရှိပြီး ၎င်း၏လက်ကိုင်အိတ်အတွင်း ပစ္စတိုသေနတ်ကို ထည့်သွင်းသယ်ဆောင်ကာ ကရာချိမှ ဂါဝါဒါဆိပ်ကမ်းမြို့သို့ ပျံသန်းမည့် ပီအိုင်အေလေယာဉ်ပေါ်သို့တက်ရောက်ရန် ကြိုးစားခဲ့ခြင်းဖြစ်သည်။

ယခုအခါ အဆိုပါလေယာဉ်မယ်အား လေဆိပ်လုံခြုံရေးတပ်ဖွဲ့က ရဲတပ်ဖွဲ့ဝင်များထံသို့ လွှဲအပ်လိုက်ပြီဖြစ်ကြောင်း ရဲတပ်ဖွဲ့အရာရှိတစ်ဦးဖြစ်သူ မာဆွတ်အာမက်က ပြောကြားသည်။

စစ်ဆေး

ထိုလေယာဉ်မယ်သည် မည်သည့်အတွက်ကြောင့် လေယာဉ်ပေါ်သို့ ပစ္စတိုသေနတ်ကို သယ်ဆောင်ရန် ကြိုးစားသည်ကို စစ်ဆေးမှုများပြုလုပ်လျက်ရှိသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ဟိုတယ်

ဗီယက်နမ်နိုင်ငံ အတွင်း ထိပ်တန်းဟိုတယ် ၁၀ ခု စာရင်းဝင်သည့်နယူးဝေါလ်ဟိုတယ် ဆေးရုံအား ဩဂုတ် ၁၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး အီတလီ၊ အီဂျစ်နှင့် အစ္စရေးခေါင်းဆောင်များဆွေးနွေး

ရောမ ဩဂုတ် ၁၇

အီတလီဝန်ကြီးချုပ် ရိုမာနိုပရိုဒီသည် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ အီဂျစ်သမ္မတ ဟိုစနီမူဘာရက်နှင့် အစ္စရေးဝန်ကြီးချုပ် အီဟွတ်အိုလ်မက်တို့နှင့် ဩဂုတ် ၁၅ ရက်တွင် တယ်လီဖုန်းဖြင့် ဆွေးနွေးခဲ့ကြောင်း အင်ဆာသတင်းဌာနက ဖော်ပြသည်။

ဆွေးနွေး

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးရရှိရန် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ရေး လိုအပ်လာကြောင်း၊ ကျယ်ကျယ်ပြန့်ပြန့်တွေ့ဆုံဆွေးနွေးမှုများမှ တစ်ဆင့် ငြိမ်းချမ်းရေးရရှိနိုင်မည်ဖြစ်ကြောင်း အီတလီဝန်ကြီးချုပ် ပရိုဒီက ပြောကြားသည်။

ပြောကြား

အီတလီဝန်ကြီးချုပ် ပရိုဒီက ဆက်လက်ပြောကြားရာတွင် ပါလက်စတိုင်းတို့အနေဖြင့် တိကျသောနယ်မြေ သတ်မှတ်ပိုင်းခြားမှုနှင့် စည်းတားမှုမရှိလျှင် အစ္စရေးနှင့်ပါလက်စတိုင်းတို့ ငြိမ်းချမ်းရေးမရရှိနိုင်ကြောင်း ထောက်ပြပြောကြားသည်။

အီတလီဝန်ကြီးချုပ်၏ ပြောကြားမှုကို ပါလက်စတိုင်းမှ ဟားမက်စ်တို့က ကြိုဆိုလိုက်ပြီး ဥရောပသမဂ္ဂက ၎င်း၏မှတ်ချက်ကို သဘောပေါက် နားလည်လိမ့်မည်ဖြစ်ကြောင်း ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

နိုင်ငံခြားဟိုတယ် လုပ်ငန်းရှင်များ ဗီယက်နမ်၌ ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားလျက်ရှိ

ဟန္နိုင်း ဩဂုတ် ၁၇

ဗီယက်နမ်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးလာလျက်ရှိရာ နိုင်ငံခြားဟိုတယ်လုပ်ငန်းရှင်များအနေဖြင့် ဗီယက်နမ်နိုင်ငံအတွင်း ကြယ်ငါးပွင့်အဆင့်ရှိ ဟိုတယ်များနှင့် အပန်းဖြေစခန်းတည်ဆောက်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံကြရန် စိတ်ဝင်စားလျက်ရှိကြောင်း ဗီယက်နမ်နယူးစ်သတင်းစာက ဩဂုတ် ၁၆ ရက်၌ သတင်းထုတ်ပြန်သည်။

ကွင်းဆင်းလေ့လာချက်များအရ ဟိုတယ်များ၌ တည်းခိုခဈေးနှုန်းများမှာ ၇ ဒသမ ၆၇ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း၊ ယေဘုယျအားဖြင့် ပြီးခဲ့သည့် ၂၀၀၆ ခုနှစ်က ကြယ်ငါးပွင့်အဆင့်ရှိ ဟိုတယ်များ၏ အခန်းတစ်ခန်းအတွက် တစ်ညတာတည်းခိုခမှာ အမေရိကန်ဒေါ်လာ ၆၉ ဒသမ ၀၆ ဒေါ်လာရှိကြောင်း သိရသည်။

ကမ္ဘာလှည့်ခရီးသည်

၂၀၀၆ ခုနှစ်အတွင်း နိုင်ငံခြားသားဧည့်သည် ၃ ဒသမ ၆ သန်း လာရောက်ခဲ့ရာ၌ ၂၂ ဒသမ ၇ ရာခိုင်နှုန်းမှာ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန် လာရောက်သူများဖြစ်ပြီး ၅၉ ဒသမ ၉ ရာခိုင်နှုန်းမှာ ကမ္ဘာလှည့်ခရီးသွား ဧည့်သည်များဖြစ်ကြသည်။

တည်းခို

ဗီယက်နမ်ပြည်သူ ၁၈ သန်းကလည်း ပြည်တွင်းခရီးစဉ်များအဖြစ်သွားရောက်လည်ပတ်ကြကာ အများစုမှာအဆင့်မြင့် ဟိုတယ်များတွင်တည်းခိုကြကြောင်းသိရသည်။ **(အင်တာနက်)**

ရုရှားနိုင်ငံ မော်စကိုမြို့ အနောက်မြောက်ဘက် မာလာရာ ဗီဟီရာကျေးရွာအနီးတွင် ရထားတစ်စင်း လမ်းချော်တိမ်းမှောက်နေသည်ကို ဩဂုတ် ၁၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မော်လမြိုင်မြို့နယ်၌ အရန်သားဖွားသင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၁၇

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ အရန်သားဖွားသင်တန်းဖွင့်ပွဲကို ဩဂုတ် ၆ ရက်က မော်လမြိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်မြင့်မြင့်စိုး တက်ရောက်၍ အမှာစကားပြောကြားပြီး ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဌေးအောင်က ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စိုးနှင့် မော်လမြိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းနာယက ဒေါ်သီသီရှိန်တို့က သင်တန်းသူများအား ငွေနှင့် သင်တန်းမှတ်စုစာအုပ်များကို ထောက်ပံ့ပေးကြသည်။**(အောက်ပုံ)**

(သတင်းစဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝါဆိုသင်္ကန်းကပ်လှူ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက် ဝါဆိုသင်္ကန်းဆက်ကပ်

နေပြည်တော် ဩဂုတ် ၁၇

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ (၁၄)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပူဇော်ပွဲ အခမ်းအနားကို ဇူလိုင် ၃၀ရက် နံနက်၁၀နာရီက မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော် ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် ဝါဆိုကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ အဂ္ဂိယ၊ မန္တလေးတိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မြတောင်တိုက် ရွှေဝါဝင်းကျောင်း ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ သာသနာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော် ၂၃ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့်ဇနီး၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်သန်းနှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ မန္တလေးခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမြနှင့် မြို့နယ်ဥက္ကဋ္ဌများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးမောင်ပုနှင့် ကော်မတီဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ တိုင်းမှူးနှင့်ဧည့်ပရိသတ်များက အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်၍ နိုင်ငံတော် ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် ဝါဆိုကျောင်းဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ အဂ္ဂိယထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော်များ ချီးမြှင့်တော်မူကြသည်။

ဝါဆိုသင်္ကန်းဆက်ကပ်

ထို့နောက် တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ မြတောင်တိုက်ရွှေဝါဝင်းကျောင်း ဆရာတော် ဘဒ္ဒန္တသာသနာဘိဝံသထံ တိုင်းမှူးနှင့် ဇနီးတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် ဝါဆိုကျောင်း ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ အဂ္ဂိယထံ မြို့တော်ဝန်နှင့် ဇနီးတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများနှင့် တာဝန်ရှိသူများက ဆရာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချအမျှဝေ

ဆက်လက်၍ လှူဒါန်းမှုအစုစုအတွက် မန္တလေးတိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မြတောင်တိုက်ရွှေဝါဝင်းကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သာသနာဘိဝံသထံမှ အနုမောဒနာတရား နာယူကြပြီး ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဆရာတော်၊ သံဃာတော်များအား တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း သာကေတမြို့နယ် သန်လျင်တံတားအိမ်ရာဝင်းနေ မိခင်ဒေါ်တင်မြင့်အား ရည်စူး၍ ဖခင်ဦးကျင်တိတ်မိသားစု၊ မင်းကိုကိုနိုင်နှင့် ဒေါ်ကြူကြူတို့၏ မွေးနေ့အထိမ်းအမှတ် ငွေပဒေသာပင်နှင့် သုံးထပ် ဘိုးဘွားဆောင်သစ်ကြီးအတွက်ငွေကျပ်သုံးသိန်းလေးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဝင်ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မိုးရာသီဘဏ်ချေးငွေများထုတ်ချေးပြီးစီး

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ရှမ်းပြည်နယ် ဘဏ်ခွဲ(၁)မှ ၂၀၀၇ခုနှစ် မိုးရာသီ ဘဏ်ချေးငွေများအား တောင်ကြီးခရိုင် ၁၁မြို့နယ်နှင့် လွိုင်လင်ခရိုင် လေးမြို့နယ်ရှိ ကျေးရွာဘဏ်ခွဲပေါင်း ၁၂၆ခု၊ တောင်သူဦးရေ၁၁၉၇၇ဦးသို့ ဘဏ်ချေးငွေကျပ် ၅၃၅၇ဒသမ ၇၁သိန်းကို မေ ၂၈ရက်မှ ဇူလိုင် ၅ရက်အထိ အပြည့်အဝ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **(က-ပ)**

ဖလမ်းမြို့နယ် အခြေခံပညာကျောင်းများ ပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်

ချင်းပြည်နယ် ဖလမ်းခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မို့မို့တင်ဦးသည် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မွန်မွန်ခင်နှင့် အဖွဲ့ဝင်များလိုက်ပါလျက် ဇူလိုင် ၁၅ ရက်က ဖလမ်းမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း၊ အလယ်တန်းကျောင်းနှင့် မူလတန်းကျောင်းများသို့ သွားရောက်ပြီး ပညာရေးဝန်ထမ်းများ၊ ကျောင်းဆရာ ဆရာမများ၊ ကျောင်းသူ ကျောင်းသားများနှင့်အတူ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ကြကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

မြို့နယ်ဥက္ကဋ္ဌဖလား မိုးရာသီဘောလုံးပြိုင်ပွဲ

မိုးနဲမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား မိုးရာသီဘောလုံးပြိုင်ပွဲကို ဇူလိုင်၂၂ရက် ညနေ ၃နာရီက မြို့နယ်ဘောလုံးအားကစားကွင်း၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက ကွင်းဖွင့်အမှာစကားပြောကြားကာ ပြိုင်ပွဲကိုစတင်ဖွင့်လှစ်ပေးပြီး ပထမနေ့ပွဲစဉ်အဖြစ် မြို့နယ်ဌာန ပေါင်းစုံအသင်းနှင့် နောင်ကျော့ရပ်ကွက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နောင်ကျော့ရပ်ကွက်က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ (မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း

ပြည်တွင်း သတင်း အတိုအထွာ

အခြေခံရေးဦးပြုစုခြင်း ဆင့်ပွားသင်တန်းဖွင့်

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ် ပညာရေးဌာန၊ ကျန်းမာရေး ဦးစီးဌာနနှင့် မြို့နယ်ကြက်ခြေနီအသင်းတို့ ပူးပေါင်း၍ အခြေခံရှေးဦးပြုစုခြင်း(ဆင့်ပွား) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင်၂၅ရက် နံနက်၉နာရီက ဈေးတန်းရပ်ကွက် အမက၅ ကျောင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးမြင့်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ပိုက်ပိုက်ဟန်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၀၇ဦး တက်ရောက်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကန်ပက်လက်၌ နှစ်ရှည်ပင်စိုက်ပွဲတော်ကျင်းပ

ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် ဌာနဆိုင်ရာ လက်ဖက်ခင်းတွင် နှစ်ရှည်ပင်စိုက်ပွဲတော်ကိုဩဂုတ်၄ရက် နံနက်၉နာရီကကျင်းပရာမြို့နယ်ဥက္ကဋ္ဌ ဦးအောင်လင်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ ဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ရပ်ကွက်ပြည်သူ အင်အား ၁၅၀၀ ကျော် တက်ရောက်ကြပြီး ထောပတ်၊ တညင်းနှင့် ပိန္နဲပင်များ တပျော်တပါး စိုက်ပျိုးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရောဝတီမြစ်အတွင်း ငါးမျိုးများစုပေါင်းစိုက်ထည့်

ရောဝတီမြစ်အတွင်း ငါးမျိုး စိုက်ထည့်ခြင်း အခမ်းအနားကိုဩဂုတ် ၅ရက် နံနက်က မင်းဘူးမြို့ အမှတ် (၄)ရပ်ကွက်၌ ကျင်းပရာ ပွင့်ဖြူမြို့နယ် ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးအောင်ဇော်ဝင်းက ခရိုင်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး ဦးသန်းဌေးထံ ငါးမျိုးများပေးအပ်သည်။

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန်းဌေး၊ တိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအောင်အောင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းနိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ငါးမြစ်ချင်း ငါးသန် သုံးသိန်းအား စုပေါင်း၍ မြစ်အတွင်းသို့ ငါးမျိုးများ စိုက်ထည့်ပေးကြကြောင်း သိရသည်။ (ခရိုင်ပြန်/ဆက်)

ဝါဆိုသင်္ကန်းဆက်ကပ်

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင်၂၈ရက်က အသင်းရုံး၌ကျင်းပရာ အခမ်းအနားတက်ရောက်ကြသူများက မိုးကောင်းမြို့ ရွှေပြည်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဘဒ္ဒိယထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး မြို့နယ်အသင်းအတွင်းရေးမှူး ဦးထွန်းထွန်းအောင်နှင့် အလုပ်အမှုဆောင်များက ပင့်သံဃာတော်ငါးပါးတို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(၄၁၆)**

သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်ဆိပ်နှင့် သစ်ခွဲစက်ရုံများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၇

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဩဂုတ် ၁၃ရက် နံနက်ပိုင်းက တာဝန်ရှိသူများ လိုက်ပါလျက် မုံရွာမြို့ မြန်မာ့သစ်လုပ်ငန်း၊ ချင်းတွင်းဖောင်ဖွဲ့ရေးဒေသ မင်းဒေါင့်သစ်ဆိပ် ရှင်းလင်းဆောင်သို့ ရောက်ရှိလာရာ လက်ထောက်အထွေထွေမန်နေဂျာ ဦးတင်ချိန်၊ စစ်ကိုင်းတိုင်း သစ်ထုတ်ရေး ဒုတိယအထွေထွေမန်နေဂျာ ဦးအောင်ကျော်မိုးတို့က ရှင်းလင်းတင်ပြကြပြီး သစ်ထုတ်ရေး အထွေထွေမန်နေဂျာ ဦးဝင်းလွင်နှင့် မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး သစ်ဆိပ်အတွင်း လှည့်လည်ကြည့် ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်ပြီး ဝန်ကြီးနှင့် အဖွဲ့သည် မုံရွာမြို့ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အမှတ်(၇၅)သစ်စက်၊ အမှတ်(၃၉)သစ်စက်နှင့် အမှတ်(၄၁) သစ်စက်များသို့ရောက်ရှိလာရာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် ဝန်ကြီးက လိုအပ်သည်များ မှာကြား၍ စက်ရုံများအတွင်း သစ်ခွဲစိတ်လည်ပတ်ပုံအဆင့်ဆင့်၊ ထွက်ရှိပြီး သစ်ခွဲသားများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

နေ့လယ်ပိုင်းတွင် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် မန္တလေးဖောင်ဖွဲ့ရေးဒေသ၊ စစ်ကိုင်း သစ်ဆိပ်နှင့် ရွှေကြက်ယက်သစ်ဆိပ်နှင့် အမရပူရမြို့နယ် ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အမှတ်(၁၀၃)သစ်စက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် အမရပူရမြို့ သစ်အခြေခံစက်မှုလုပ်ငန်းဌာန အမှတ်(၂-က) ပုံဖော်စက်ရုံ၊ အမှတ်(၂-ခ)ပုံဖော်စက်ရုံနှင့် သစ်ပါးလွှာ စက်ရုံများသို့ ရောက်ရှိလာရာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်အပေါ် ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။ ထို့နောက် ဝန်ကြီးက စက်ရုံအတွင်း သစ်ခွဲစိတ်လည်ပတ်ပုံ အဆင့်ဆင့်နှင့် သစ်ခွဲသားများ၊ သစ်ပါးလွှာထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဩဂုတ် ၁၄ ရက် နံနက်ပိုင်းတွင် ဝန်ကြီးသည် တာဝန်ရှိသူများ လိုက်ပါလျက် မန္တလေးမြို့ စက်မှုဇုန်(၂)ရှိ ရွှေဝတ်မှုန် သစ်အချောထည်စက်ရုံသို့ ရောက်ရှိလာရာ စက်ရုံရှင်းလင်းဆောင်တွင် စက်ရုံ၏ ဒါရိုက်တာ ဦးမိုးကျော်က စက်ရုံ၏လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းဆိုင်ရာများကို မှာကြားသည်။ ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိသူများက စက်ရုံအတွင်း သစ်ခွဲစိတ် လည်ပတ်ပုံအဆင့်ဆင့်နှင့် သစ်ပါးလွှာများ ထုတ်လုပ်ပုံနှင့် ခွဲစိတ်ပြီး သစ်ခွဲသားများ ထုပ်ပိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ စက်မှုဇုန်(၂)ရှိ Jewellery Luck ကုမ္ပဏီသစ်ပါးလွှာနှင့် အထပ်သားစက်ရုံသို့ သွားရောက်ပြီး စက်ရုံအတွင်း သစ်ပါးလွှာထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်၊ အထပ်သားထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်၊ ဖော်မိုက်ကာပြုလုပ်မှု လုပ်ငန်းအဆင့်ဆင့်နှင့် လောင်စာဆီမသုံးဘဲ Wood Gas ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ကုန်ကျစရိတ်သက်သာ

အဆိုပါ Wood Gas ဖြင့် လျှပ်စစ်ထုတ်လုပ်သော နည်းစဉ်သည် လောင်စာဆီလုံးဝမသုံးဘဲ စက်ရုံထွက် သစ်တို သစ်စများကို အသုံးပြုပြီး လျှပ်စစ်ထုတ်လုပ်ခြင်းဖြစ်၍ ကုန်ကျစရိတ် အလွန်သက်သာကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အမရပူရမြို့ သစ်အခြေခံ စက်မှုလုပ်ငန်းဌာန အမှတ်(၂-ခ) ပုံဖော်စက်ရုံတွင် သစ်ခွဲသားများ ထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တောရေးရာ)

နိုင်ငံ့ဂုဏ်ရည်စာပေတိုက်မှ စာအုပ်များ ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၇

မြန်မာစာပေကို ချစ်မြတ်နိုးသူများအတွက် နိုင်ငံ့ဂုဏ်ရည်စာပေတိုက်မှ အောက်ပါ စာအုပ်များကို ထုတ်ဝေလိုက်သည်။ မြင်းမူမောင်နိုင်မိုး၏ **"ဘဝကျောင်းမှ စောင်းခတ်သံ"** ၁၉၈၁ ခုနှစ်၊ ၁၉၉၁ခုနှစ်၊ ၁၉၉၈ခုနှစ်၊

၂၀၀၁ ခုနှစ်နှင့် ၂၀၀၃ ခုနှစ်များတွင် ကဗျာစာအုပ်များ ထုတ်ဝေခြင်းဖြင့် အမျိုးသားစာပေဆု ငါးကြိမ်တိုင်တိုင် ရရှိခဲ့သော ကဗျာဆရာ မြင်းမူမောင်နိုင်မိုး၏ "ဘဝကျောင်းမှ စောင်းခတ်သံ" ကဗျာပေါင်းချုပ် စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ အမျိုးသားစာပေ တစ်သက်တာ စာပေဆုရ စာရေးဆရာကြီး ဦးလေးမြိုင်က အမှာစာ ရေးသားထားပြီး ကဗျာတို၊ ကဗျာရှည် ၇၂ပုဒ် ပါဝင်သည်။ ဂူဖရီးစက္ကူဖြူချော၊ ပန်းချီမောင်ညီညီ၏ မျက်နှာဖုံးဖြင့် လှပသေသပ်စွာ ထုတ်ဝေလိုက်သည်။ တန်ဖိုးကျပ် ၁၅၀၀။

ဒေါက်တာ မင်းလှဲ့ရီ၏ **"ကျေးလက်အလှ သုခမ"** မြန်မာ့ကျေးလက်၏ တန်ဖိုးမဖြတ်နိုင်သော သုခမအနုပညာအရပ်ရပ်ကို သောတာလင်္ကာရ တို့ဂီတ၊ ဝစနာလင်္ကာရမျိုးဗီဇ၊ တေးသံမပြ ဝိသေသ၊ ကျေးလက်ဘာဝ မေတ္တာအလှ၊ နိဂုံးဖွဲ့နှောင် ပန်းလက်ဆောင် အစရှိသည့် ကဏ္ဍကြီးများခွဲ၍ နှစ်သက်မြတ်နိုးဖွယ်ဖြစ်အောင် ရေးဖွဲ့ခြယ်မှုန်းထားသည်။ ကျေးလက် ကစားနည်းအမျိုးမျိုး၊ ကျေးလက်တေးသီချင်းအမျိုးမျိုးတို့ကို မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများနှင့် ယှဉ်တွဲဖော်ပြထားသည်။ ကဗျာဆရာ မျိုးမြင့်ဆွေ ကိုယ်တိုင်ရေးဆွဲခဲ့သော ကျေးလက်ပန်းချီမျက်နှာဖုံး၊ ဂူးဖရီစက္ကူဖြူချောဖြင့်ထုတ်ဝေလိုက်သည်။ တန်ဖိုး-ကျပ်၁၅၀၀။



ဦးရွှေမင်း (တရားရုံးချုပ်ရှေ့နေ)၏ **"အကောက်ခွန်ဥပဒေများနှင့် ဆက်နွှယ်နေသည့် အခြားတည်ဆဲ ဥပဒေများမှ ကောက်နုတ်ချက်များ"** ဆိပ်ကမ်း၊ လေဆိပ်နှင့် နယ်စပ်ကုန်သွယ်ရေး စခန်းများတွင် စစ်ဆေးကြီးကြပ်ရေး တာဝန်ထမ်းဆောင်လျက်ရှိကြသော အကောက်ခွန်အရာရှိများသာမက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ရှေ့နေရှေ့ရပ်များ၊ ဥပဒေပညာရှင်များနှင့် ပြည်ပမှတင်သွင်းသူ၊ ပြည်ပသို့ တင်ပို့သူများပါ လက်တွေ့အသုံးချနိုင်သည့် စာအုပ်ကောင်း တစ်အုပ်ဖြစ်ပြီး စာဖတ်သူများ၏ တောင်းဆိုချက်အရ ဒုတိယအကြိမ် ရိုက်နှိပ် ထုတ်ဝေလိုက်သည်။ ရောင်းဈေး ကျပ်၃၀၀၀၊ အထက်ပါစာအုပ်များကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည် စာပေတိုက် (၁) ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည် စာပေတိုက် (၂) ဖုန်း-၇၂၅၅၃၀နှင့် အခြားဆိုင်ကြီးများ၊ မန္တလေးမြို့ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် အခြားဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

NLD ပါတီ၏လုပ်ရပ်များကိုစိတ်ပျက်၊ ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုစိတ်မရှိ မိုးညှင်းနှင့် ကောလင်းမြို့နယ်တို့မှ ပါတီဝင် လေးဦးနုတ်ထွက်

ရန်ကုန် ဩဂုတ် ၁၇

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ဦးစံဝင်းသည် ဩဂုတ် ၈ ရက်တွင်လည်းကောင်း၊ ဦးထွန်းရှိန်သည် ဩဂုတ် ၁၀ရက်တွင် လည်းကောင်း၊ ဦးစိန်ညိုသည် ဩဂုတ် ၁၂ရက်တွင် လည်းကောင်း၊ စစ်ကိုင်းတိုင်း ကောလင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ဦးအောင်ကြီးသည် ဩဂုတ် ၈ ရက်တွင်လည်းကောင်း ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများ ရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း အသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့ နုတ်ထွက်ခဲ့ကြသည်။

မိုးညှင်းမြို့နယ်နှင့် ကောလင်းမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲတို့သို့ပေးပို့သော နုတ်ထွက်လွှာများတွင် ၎င်းတို့သည် NLD ပါတီ၏လုပ်ရပ်များကို စိတ်ပျက်လာပြီး ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုစိတ် မရှိတော့သဖြင့် ၎င်းတို့ ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

ခြင်နှိမ်နင်းရေး နှိုးဆော်ချက်

၁။ ယခုအခါ ရာသီအပြောင်းအလဲ များပြားပြင်းထန်သည်နှင့်အမျှ ခြင်ကြောင့်ဖြစ်သောရောဂါများ ကမ္ဘာတစ်ဝန်းမှာ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ ခြင်များသည် ဖော်ပြပါရောဂါများကို ဖြစ်ပွားစေပါသည်-

(က) **ငှက်ဖျားရောဂါ**
တောတောင်စိမ့်စမ်းရေများတွင်ပေါက်သော အနောဖလိ ခြင်ကြောင့်ဖြစ်ပြီး ကျေးလက်ဒေသများကို အဓိကထား၍ ဒုက္ခပေးသည်။ ခရီးသွားများပြားလာသည်နှင့်အမျှ လူတိုင်းဖြစ်နိုင်သည်။ ရောဂါဖြစ်လျှင် သေနိုင်သည်။

(ခ) **သွေးလွန်တုပ်ကွေးရောဂါ**
အိမ်နှင့်ပတ်ဝန်းကျင် ရေကြည်ရေသန့်များ၌ ပေါက်သော အေးဒီး ခြင်ကျားကြောင့်ဖြစ်ပြီး မြို့ပြ၌သာမက ကျေးလက်ဒေသနေ ကလေးများကိုပါ အဓိကထား၍ ဒုက္ခပေးသည်။ ရောဂါဖြစ်လျှင် သေနိုင်သည်။

(ဂ) **ဆင်ခြေထောက်ရောဂါ**
မြောင်းပုပ်ရေတွင် ပေါက်သော ကျူးလစ် ခြင်များကြောင့်ဖြစ်ပြီး ဖျားနာခြင်းမှအစ ဒုက္ခိတဖြစ်နိုင်သည်အထိ ဒုက္ခပေးနိုင်သည်။

(ဃ) **ဂျပန်ဦးနှောက်ရောင်ရောဂါ**
လယ်ကွင်းများ၌ ပေါက်သော ကျူးလစ်ခြင်များကြောင့်ဖြစ်ပြီး ကျေးလက် မြို့ပြမရွေး ဒုက္ခပေးသည်။ ရောဂါဖြစ်လျှင် သေနိုင်သည်။

(င) **ငန်းဝါဖျားရောဂါခေါ် (Yellow Fever)**
မြန်မာနိုင်ငံတွင် မဖြစ်ပွားသေးပါ။ သို့သော် ရောဂါပိုးသယ်ဆောင်နိုင်သော အေးဒီးခြင်ကျားသည် မြန်မာနိုင်ငံတွင်ရှိသဖြင့် ရောဂါများ ကူးစက်လာနိုင်ကြောင်း သတိပြုရန်လိုသည်။

၃။ ခြင်များကိုနှိမ်နင်းရာတွင် ခြင်ကောင်ကို နှိမ်နင်းခြင်းနှင့် လောက်လမ်းကို နှိမ်နင်းခြင်းနည်းလမ်းနှစ်သွယ်ရှိရာ ခြင်လောက်လမ်းကို နှိမ်နင်းခြင်းက ထိရောက်လွယ်ကူ သက်သာပါသည်။
ထို့ကြောင့်-

(က) ရေကြည်ရေသန့်ရှိရာ၊ သိုလှောင်ရာနေရာများ၊ မိုးရေတင်ကျန်ရာ နေရာများအားလုံးတွင် လောက်လမ်းများ မပေါက်ပွားအောင် ကာကွယ်ပါ။ ပေါက်လာသော လောက်လမ်းများကို ဖယ်ရှားပါ။

(ခ) အိမ်တွင်း၊ ခြံတွင်း၊ ရပ်ရွာတွင်း ခြင်ပေါက်နိုင်သမျှ နေရာများ၊ ရေမြောင်းများ၊ ရေအိုင်ငယ်များ၊ ရေလှောင်ကန်များ အားလုံးတွင် လောက်လမ်းမပေါက်အောင် ကာကွယ်ပါ။

(ဂ) လောက်လမ်းမပေါက်စေရန် ဆားထည့်ခြင်း၊ အင်ဂျင်ဝိုင်ထည့်ခြင်း၊ Abate ဆေးထည့်ခြင်း၊ လောက်လမ်းစား ငါးများထည့်သွင်းခြင်းများကို ဆီလျော်သည့်နည်း ရွေးချယ်၍ ဆောင်ရွက်ပါ။

(ဃ) ခြင်ကောင်များ မဝင်ရောက်အောင် ခြင်ထောင်၊ ဆေးစိမ်ခြင်ထောင်၊ ခြင်တာ၊ ဆေးစိမ်ထားသည့် အကာအရံများ အသုံးပြု၍ နေထိုင်ခြင်း၊ ခြင်မကိုက်နိုင်ရန် ခြင်နိုင်ဆေးလိမ်းခြင်း၊ ခြင်နိုင်ဆေး ဖျန်းခြင်းများကို လိုအပ်သည့် အချိန်များတွင် ဆောင်ရွက်ပါ။

(င) ပတ်ဝန်းကျင်သန့်ရှင်းခြင်း၊ ခြင်ခိုအောင်းရာ နေရာများကို ဖယ်ရှားခြင်းဖြင့် လူအနားတွင် ခြင်များ နေထိုင်ပေါက်ပွားမှုမရှိစေရန် ဆောင်ရွက်ပါ။

၄။ အထက်ပါအချက်များကို ဆောင်ရွက်ရာတွင် တစ်ဦးချင်း၊ မိသားစုနှင့် ရပ်ရွာလူထုပူးပေါင်းပြီး ပုံမှန်၊ တစ်ပြိုင်နက် ဆောင်ရွက်လျှင် ခြင်အန္တရာယ်ကို ထိရောက်စွာ ကာကွယ်နိုင်မည်ဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန။

သဲကုန်းအထက ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် ဩဂုတ် ၁၇

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် သဲကုန်းမြို့နယ် သဲကုန်းမြို့ အထက ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၂၅)ကြိမ်မြောက် ငွေရတုအာစရိယပူဇော်ပွဲနှင့် ငွေရတုညစာစားပွဲကို အောက်တိုဘာ ၂၅ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် သဲကုန်းအထက ချယ်ရီဆောင်၊ သာစုခန်းမဆောင်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

သဲကုန်း အထကတွင် တစ်နှစ်ဆက်တိုက် တာဝန်ထမ်းဆောင်ခဲ့ပြီး အောက်တိုဘာ ၂၅ရက်တွင် အသက်(၆၀)ပြည့် ဆရာကြီး ဆရာမကြီးများအားလုံး ပူဇော်ခံရန် မပျက်မကွက်ကြွရောက်ပါရန်နှင့် ည ၇ နာရီတွင် သဲကုန်းအထက မြက်ခင်းပြင်တွင် ကျင်းပမည့် ငွေရတုညစာစားပွဲကိုလည်း ကျောင်းသား ကျောင်းသူဟောင်းအားလုံးမပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်ထားသည်။ ကျောင်းသူကျောင်းသားဟောင်းများသည် ရန်ကုန်–ဦးဇော်ဝင်း (အောင်စိန်လင်း) ဖုန်း–၀၁–၅၉၀၃၄၅၊ ၅၉၀၂၁၈၊ ဦးကြည်ဝင်း (သူနာပြုကောင်စီ–ဗဟန်း) ဖုန်း–၀၁–၅၅၆၆၂၃၊ နေပြည်တော်– ဦးကျော်ဇေယျ (စိမ်းစိုသစ်တော) ဖုန်း–၀၆၇ ၄၀၅၀၈၃(ရုံး)၊ ၄၁၄၅၆၂(အိမ်)၊ ပြည်– ဦးအေးလွင်(အောင်ပွဲဝင်ဘော်ဒါ) ဖုန်း–၀၅၃–၂၄၄၃၂၊ ဦးဌေးလွင် (မျိုးသုခ) ဖုန်း–၀၅၃–၂၂၁၀၄၊ ၂၂၁၇၇၊ ဦးတင်အေး (မြို့နယ်ဥပဒေရုံး) ဖုန်း–၀၅၃–၂၁၂၉၃ (ရုံး)၊ ၂၄၁၆၅(အိမ်)၊ သဲကုန်း– ဦးတင်ဦး (အတွင်းရေးမှူး) ဖုန်း–၀၅၃–၃၄၃၈၈၊ ၃၈၂၂၂၊ ၃၈၄၉၅ လိုင်းခွဲ–၂၉၊ဦးညွန့်သိန်း (ဘဏ္ဍာရေးမှူး) ဖုန်း–၀၅၃–၃၄၃၈၈၊ ၃၈၂၂၂၊ ၃၈၄၉၄ လိုင်းခွဲ–၁၄၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မြန်မာ့အလင်း လှုပ်လှုပ်ရှားရှား မြန်မာ့အားကစား

ကိုထွေး - စုစည်းတင်ပြသည်

ရန်ကုန် ဩဂုတ် ၁၇

မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံလုပွဲ

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရိုးရာ အားကစားအဖွဲ့ချုပ်တို့ကြီးမှူး၍ ၂၀၀၇ခုနှစ် မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံလုပွဲကို ဩဂုတ် ၂၅ရက်မှစက်တင်ဘာ ၉ရက်အထိ ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်သည်။

ကျင်းပမည်

ကွာတားဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၂၅ရက်နှင့် ၂၆ရက်တွင်လည်းကောင်း၊ အကြိုဗိုလ်လုပွဲစဉ်များကို စက်တင်ဘာ ၁ရက်နှင့် ၂ ရက်တွင်လည်းကောင်း၊ ဗိုလ်လုပွဲစဉ်များကို စက်တင်ဘာ ၉ ရက်တွင်လည်းကောင်း ကျင်းပမည်ဖြစ်ရာ ပြည်တွင်းရှိ ရိုးရာလက်ဝှေ့ကလပ်များမှ လက်ဝှေ့အကျော်အမော်များ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ရွှေခါးပတ်ချန်ပီယံလုပွဲတွင် စိန်ခေါ်ပွဲများကဲ့သို့ သရေပွဲမရှိဘဲ အချီပြည့်ထိုးသတ်ပြီးသည်အထိ အနိုင်အရှုံး မပေါ်ပါက ဒိုင်လူကြီးများက အမှတ်ပေးစနစ်ဖြင့် အနိုင်အရှုံးကို ဆုံးဖြတ်သွားမည်ဖြစ်သည်။

ယခုပြိုင်ပွဲမှ ပေါ်ထွက်လာသော ရွှေခါးပတ်ချန်ပီယံများအား (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ထည့်သွင်းကျင်းပမည့် ရိုးရာလက်ဝှေ့(မွေ)အားကစားနည်းအတွက် ရွေးချယ်၍ စခန်းသွင်းလေ့ကျင့်မှု ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲကျင်းပ

၂၀၀၇ခုနှစ် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲကို မန္တလေးမြို့ ဗထူး အားကစားကွင်းနှင့် အောင်မြေမန္တလာ အားကစားကွင်း၌ ဩဂုတ် ၆ ရက်မှ စက်တင်ဘာ ၄ ရက်အထိ ကျင်းပလျက်ရှိသည်။

အုပ်စုပွဲစဉ်များကို အောင်မြေမန္တလာအားကစားကွင်း၌ နံနက်ပိုင်းနှင့် ညနေပိုင်း ယှဉ်ပြိုင်ကစားလျက်ရှိပြီး အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲကို ဗထူးအားကစားကွင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(၃၉)ကြိမ်မြောက် မာဒေးကားဖလား ဘောလုံးပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း မလေးရှားသို့ ယနေ့ထွက်ခွာမည်

မလေးရှားနိုင်ငံ၏ နှစ်(၅၀) ရွှေရတုလွတ်လပ်ရေးအထိမ်းအမှတ်အဖြစ် မလေးရှားနိုင်ငံ၌ ဩဂုတ် ၂၀ ရက်မှ ၂၉ ရက်အထိ ကျင်းပမည့် (၃၉) ကြိမ်မြောက် မာဒေးကားဖလားဘောလုံးပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် မလေးရှားနိုင်ငံသို့ ဩဂုတ် ၁၈ ရက် **(ယနေ့)** နံနက်ပိုင်းတွင် ထွက်ခွာသွားမည်ဖြစ်သည်။

(၃၉)ကြိမ်မြောက် မာဒေးကား ဖလားဘောလုံးပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးသန်းဇော် (ဘဏ္ဍာရေးမှူး၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်)၊ အုပ်ချုပ်သူအဖြစ် ဦးအေးမောင်ကြီး(အမှုဆောင်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)၊ နည်းပြချုပ်အဖြစ် မားကို့စ်အန်တိုနီယို (ဘရာဇီး)၊ နည်းပြအဖြစ် ဦးဉာဏ်ဝင်း(စီးပွား/ကူးသန်း)၊ လက်ထောက်နည်းပြများအဖြစ် ဦးအောင်နိုင်နှင့် ဦးကြည်လွင် (မြို့တော်စည်ပင်)၊ ဂိုးနည်းပြအဖြစ် ဦးမျိုးချစ်(မြို့တော်စည်ပင်)၊ အသင်းဆရာဝန်အဖြစ် ဒေါက်တာအောင်ကျော်ဦး (အား/ကာ ဦးစီးဌာန)၊ သူနာပြုအဖြစ် ဦးဘကြိုင်(အား/ကာဦးစီးဌာန)တို့ကတာဝန်ယူဆောင်ရွက်ကြသည်။

ပါဝင်

မြန်မာ့လက်ရွေးစင် ဘောလုံးသမားများအဖြစ် **(ဂိုး)** အောင်အောင်ဦး (ဘဏ္ဍာ/အခွန်)၊ ကျော်ဇင်ထက်(ဆောက်လုပ်ရေး)၊ **(နောက်တန်း)** ခင်မောင်လွင် (လယ်ယာ/ဆည်မြောင်း)၊ ကျော်ခိုင်ဝင်း(စွမ်းအင်)၊ မင်းသူ၊ ဇော်လင်းထွန်း (စီးပွား/ကူးသန်း)၊ ဟန်ဝင်းအောင်(ကမ္ဘောဇ)၊ သူရအောင်(ဘဏ္ဍာ/အခွန်)၊ **(အလယ်တန်း)** မျိုးမင်းထွန်း၊ အောင်မျိုးသန့်၊ ရာဇာဝင်းသိန်း၊ မိုးဝင်း(စီးပွား/ကူးသန်း)၊ ဇော်ထက်အောင် (စွမ်းအင်)၊ အောင်မိုး(မြို့တော်စည်ပင်)၊ ထွန်းထွန်းဝင်း(ဘဏ္ဍာ/အခွန်)၊ **(ရှေ့တန်း)** ရန်ပိုင်၊ စိုးမြတ်မင်း(ဘဏ္ဍာ/အခွန်) အောင်ကျော်မျိုး(စွမ်းအင်)တို့ ပါဝင်ကြသည်။

ယှဉ်ပြိုင်ရမည်

(၃၉)ကြိမ်မြောက် မာဒေးကားဖလား ဘောလုံးပြိုင်ပွဲအတွက် အုပ်စုပွဲစဉ်ရေးဆွဲထားမှုအရ မြန်မာအသင်းသည် အုပ်စု(က)၌ ပါဝင်ပြီး ဩဂုတ်၂၀ ရက်တွင် လီဆိုသိုအသင်းနှင့်လည်းကောင်း၊ ဩဂုတ် ၂၂ ရက်တွင် မလေးရှားအသင်းနှင့်လည်းကောင်း၊ ဩဂုတ် ၂၅ ရက်တွင် လာအိုအသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် ပြိုင်ပွဲအကြိုနောက်ဆုံးခြေစမ်းပွဲအဖြစ် ဩဂုတ်၁၆ ရက် ညနေ ၆ နာရီက သုဝဏ္ဏဘောလုံးကွင်း၌ အဆင့်မြင့်တန်းမှ လယ်ယာ/ဆည်မြောင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရာ လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာ့လက်ရွေးစင်အတွက် အနိုင်ဂိုးများကို စိုးမြတ်မင်းက သုံးဂိုး (ဟက်ထရစ်)နှင့် အောင်မျိုးသန့်က တစ်ဂိုးသွင်းယူပေးခဲ့သည်။

(၃၆)ကြိမ်မြောက် ရဲချုပ်ဒိုင်း ဘော်လီဘောပြိုင်ပွဲ

(၃၆)ကြိမ်မြောက် ရဲချုပ်ဒိုင်း ဘော်လီဘောပြိုင်ပွဲကို ဩဂုတ် ၁၂ရက်မှ ၂၁ရက်အထိ မန္တလေးမြို့၌ကျင်းပလျက်ရှိရာ အမျိုးသားပြိုင်ပွဲ၌ အသင်း ၂၀၊ အမျိုးသမီးပြိုင်ပွဲ၌ ၁၂သင်း စုစုပေါင်း ၃၂သင်းဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

မဲခေါင်ဒေသနိုင်ငံများ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ မြန်မာလူငယ်ဘောလုံးအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်

ထိုင်းနိုင်ငံ၌ ဩဂုတ် ၂၂ ရက်မှ ၂၇ ရက်အထိကျင်းပမည့်မဲခေါင်ဒေသနိုင်ငံများ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ၌ မြန်မာလူငယ်လက်ရွေးစင် ဘောလုံးအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။အဆိုပါဘောလုံးပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာလူငယ် လက်ရွေးစင် ဘောလုံးအသင်းကို အာဆီယံ(ယူ–၂၀) ဘောလုံးပြိုင်ပွဲဝင် မြန်မာ (ယူ–၂၀) အသင်းမှ အားကစားသမားများအား အခြေခံ၍ ဖွဲ့စည်းထားသည်။

မဲခေါင်ဒေသနိုင်ငံများ ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ပဏာမ မြန်မာလူငယ်လက်ရွေးစင် ဘောလုံးအသင်းကို အားကစားသမား ၂၄ ဦးဖြင့် ရွေးချယ်ဖွဲ့စည်းထားပြီး နည်းပြများအဖြစ် ဦးဇော်ဝင်းထွန်း (မြို့တော်စည်ပင်)နှင့် ဦးဟန်ထွန်း (ကမ္ဘောဇ)တို့က တာဝန်ယူ လေ့ကျင့်ပေးလျက်ရှိသည်။

ပဏာမ လူငယ်လက်ရွေးစင် အားကစားသမားများအဖြစ် (ဂိုး) သီဟစည်သူ၊ ဟိန်းကျော်သူ၊ ညီညီလွင်၊ (နောက်တန်း) နိုင်လင်းထွန်း၊ ထူးကျော်၊ အေးဆန်း၊ ကျော်ဇေယျာဝင်း၊ ရန်မျိုးအောင်၊ အောင်ဝင်းနိုင်၊ (အလယ်တန်း) စိုးလင်းထွန်း၊ ကျော်ဌေးဦး၊ နေဝင်း၊ မြင့်နိုင်၊ ပြည့်ဖြိုးဦး၊ နေဇော်ထက်၊ ဇင်မျိုးအောင်၊ မင်းကိုကို၊ (ရှေ့တန်း) တင်အောင်မိုး၊ ရဲဝေယံစိုး၊ ကျော်ကျော်ခိုင်၊ မြတ်ထူးနိုင်၊ စည်သူသန်း၊ ပိုင်စိုး၊ ကျော်သီဟတို့ ပါဝင်ကြသည်။

မဲခေါင်ဒေသနိုင်ငံများ ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲတွင် မဲခေါင်ဒေသတွင်း နိုင်ငံများဖြစ်ကြသည့် ကမ္ဘောဒီးယား၊ မြန်မာ၊ လာအို၊ ဗီယက်နမ်၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့မှ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

ကုန်သည်စက်မှုအသင်းချုပ်၌ ဟောပြောပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ပြန်ကြားရေးနှင့်သတင်းနည်းပညာ မြှင့်တင်ရေးဆိုင်ရာလုပ်ငန်းကော်မတီက ကြီးမှူး၍ (Aung Aung Group of Companies) ၏ပံ့ပိုးကူညီမှုဖြင့် ပညာရှင်များ၏ ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲကို ဩဂုတ် ၅ရက်တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower မင်္ဂလာခန်းမ၌ ကျင်းပသည်။

ဖြေကြား

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး ပါမောက္ခဒေါက်တာ အောင်ထွန်းသက်က Leadership Questions ခေါင်းစဉ်ဖြင့် ဟောပြောပို့ချ၍ တက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးချက်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။ **(အပေါ်ပုံ)**

ပေးအပ်

ထို့နောက် ဟောပြောဆွေးနွေးသည့် ပါမောက္ခဒေါက်တာ အောင်ထွန်းသက်အား ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် Aung Aung Group of Companies ၏ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီ ဒေါ်ခင်မြင့်မြင့်တို့က ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈–၈–၂၀၀၇ (စနေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	အခြေခံနှင့်အမြင်မှန်တရားတော် အပိုင်း(၂) (မြစိမ်းတောင်ဆရာတော်အရှင်ဇာနေယျ)
၇း၅၅	တေးဂီတအစီအစဉ်
၈း၀၀	အနုပညာရပ်ဝန်းမှရင်ခုန်သံများ (မြစ်နှစ်စင်းရဲ့ပင်လယ်)
၈း၃၅	တစ်ပတ်အတွင်းအားကစားသတင်း
၈း၅၀	တေးဂီတအစီအစဉ်
၈း၅၅	အကွက်လှလှအဆင်ဆန်း မြန်မာ့ချည်ထည်ရက်ကန်း
၉း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅	ရှေ့သို့ရည်မှန်းမြန်မာ့စက်မှုလုပ်ငန်း (လွယ်ကူအဆင်ပြေအချိုရည်)
၁၀း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅	သဘာဝအလှသနပ်ခါးက
၁၀း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၅	ငှက်မျိုးစုံစွာပျော်စရာကမ္ဘာ အပိုင်း(၃)
၁၀း၄၀	မိုးလေဝသခန့်မှန်းချက်
၁၀း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀	ကြည့်နူးခံစားလက်ဆောင်ထုပ်ပိုးမှုများ
၁၁း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀	တီကောင်စွန့်ပစ်ဩဂဲနစ်
၁၁း၃၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၄၀	စနစ်တကျစိုက်ပျိုးသစ်ခွအမျိုးမျိုး
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး (ဒေါက်တာသန်းဝင်း)
၁၂း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၃၀	သီချင်းကောင်းကောင်းသီချင်းတောင်း
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ခြောက် နာရီစာအစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁ နာရီအထိတစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

2007-2008 English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၅း၃၀	Preview	ESPN(Live)
၆း၁၀	Portsmouth-Bolton	ESPN(Live)
၈း၂၅	Tottenham-Derby County	ESPN(Live)
	Reading-Everton	Star Sports(Live)
၁၀း၄၀	Newcastle Utd-Aston Villa	Star Sports(Live)
၁၁း၀၀	Birmingham-West Ham	ESPN(SDD)

ဩဂုတ် ၁၁ ရက်က ဗဟန်းမြို့နယ် ကျိုက္ကဆံရပ်ကွက်၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ပညာပေးဟောပြောပွဲ ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာအေးအေးမြင့် ဟောပြောဆွေးနွေးစဉ်။ (က–ပ)

ထိမ်းမြားလက်ထပ်ပြီးစီးခြင်း

ကျွန်တော် **မောင်ထူးဝေထက်** မှတ်ပုံတင် ၁၂/ဗဟန(နိုင်)၀၉၅၇၆၄ နှင့် ကျွန်မ **မဆုရည်အောင်** မှတ်ပုံတင် ၁၂/မဂတ(နိုင်)၀၈၇၄၂၇တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူခွင့်ပြုချက်အရ ၁၅-၈-၂၀၀၇ရက်တွင် ရန်ကုန်တိုင်းတရားရုံး ဦးစီးအရာရှိရှေ့မှောက်၌ ထိမ်းမြားလက်ထပ်ပြီးစီးပါကြောင်း။

မောင်ထူးဝေထက်-မဆုရည်အောင်
နှစ်ဖက်သောမိဘများ။

နှစ်ထပ် B / N အဆောက်အအုံဖျက်သိမ်းရန်တင်ဒါ

ဖျက်သိမ်းရန်နေရာ - အမှတ်(၆၈-ဒီ)၊ ဖိုးစိန်လမ်း၊ တာမွေမြို့နယ်
တင်ဒါပိတ်ရက် - ၅-၉-၂၀၀၇ ရက်
အချိန် - ၁၆း၀၀ နာရီ

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်း အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာန **တယ်လီဖုန်းနံပါတ်**
မြန်မာ့စားသောက်ကုန်လုပ်ငန်း **၀၆၇-၄၀၈၁၄၀**
နေပြည်တော်
ရုံးအမှတ်(၃၇)။

လူပျောက်

မောင်ရဲမြတ်သူ(ကျောင်းသား)အသက်(၁၆)နှစ် ၁၂/ပဘတ(နိုင်)၀၃၁၅၃၇ ကိုင်ဆောင်သူသည် ၁-၈-၂၀၀၇ရက် နံနက် ၇ နာရီတွင် ကျောင်းသွားရင်းပျောက်ဆုံးသွားပါသည်။ ရောက်ရာအရပ်မှ အမြန်ပြန်လာပါ။ လက်ခံသွေးဆောင်ဖြားယောင်းထားသူအား တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ သတင်းပေးသူအား ကျေးဇူးဆပ်ပါမည်။

ဦးမောင်အေး
ဖုန်း-၀၉-၈၀၃၄၅၉၂
၀၉-၅၁၂၅၇၂၁။

မြေညီထပ်တိုက်ခန်းရောင်းမည်

စမ်းချောင်း ဗဟိုလမ်းမကြီး ၂၅ပေ x ပေ ၅၀၊ ဖုန်းပါ၊ ဗဟန်းလမ်းမတန်း ၁၅ပေ x ပေ ၅၀ တိုက်သစ်၊ ရေမီးစုံ၊ ဖုန်း-၅၅၈၃၇၅၊ ၅၄၅၃၉၅၊ ၀၉၉၉-၂၄၃၆၃။
(ပွဲစားလိုသည်။)

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ဦးအောင်မောင်း၏သား မောင်ဝင်းလှိုင် နိုင်ငံသားစိစစ်ရေးအမှတ် ၇/ပခန(နိုင်)၁၉၁၀၈၆ အား မိဘ၏ဆိုဆုံးမမှုအားမနာခံ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

ဦးအောင်မောင်း
၇/ပခန(နိုင်)၀၁၃၄၆၆။

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ ၅၈ လမ်း၊ အမှတ် ၉၈/၁၀၀ နေ ဗွေသီ(ခ)အီယံဝှက် ၁၂/လမန(နိုင်)၀၄၉၆၈၉ သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ မူပိုင်ကုန်အမှတ်တံဆိပ်အဖြစ် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

RED ★ STAR

ကုန်အမှတ်တံဆိပ် အမှတ် - ၅၂၃၇/၂၀၀၇

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ဖြင့် ပလတ်စတစ်ပုံးအမျိုးမျိုး၊ ပလတ်စတစ်ခွက်၊ ပလတ်စတစ်ဇလုံ၊ ပလတ်စတစ်ထိုင်ခုံများကို အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုးဖြင့် ထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိပါသည်။ အဆိုပါပစ္စည်းများနှင့် ယင်းပစ္စည်းများ ထည့်သွင်းအသုံးပြုသော စက္ကူရွက်၊ စက္ကူပတ်၊ပါဆယ်ထုပ်များနှင့် ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးသည့်ပစ္စည်း အစရှိသည်တို့အပေါ်တွင်လည်း အဆိုပါ တံဆိပ်အမည်အမှတ်အသားကို အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ကိုလည်းပြုလုပ်ပြီးလျှင် ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍ အသားတံဆိပ်ပြုလုပ်ကာ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်လုပ်ဖြန့်ချိ ရောင်းချလျက်ရှိပါသည်။

မည်သူမဆို အဆိုပါကုန်အမှတ်တံဆိပ်ကို ဗွေသီ(ခ)အီယံဝှက်၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ အတုပြုလုပ်ခြင်း၊ ထင်ယောင်ထင်မှားပြုလုပ်ခြင်း၊ ဆင်တူယိုးမှားတုပပြုလုပ်ခြင်း၊ တစ်နည်းနည်းဖြင့် တုပပြုလုပ်သုံးစွဲပါက တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်မြင့်	ဒေါ်သင်းသင်းမော်	ဒေါ်ညွန့်ညွန့်လှိုင်
B.Sc.,H.G.P.,R.L	LL.B	LL.B
(စဉ်-၃၄၈၀)	(စဉ်-၇၂၂၈)	(စဉ်-၂၃၉၉၃)

တရားရုံးချုပ်ရှေ့နေများ **အထက်တန်းရှေ့နေ**
အမှတ် ၈၃/၁၀ (ဒုတိယထပ်)
ပန်းဆိုးတန်းလမ်း၊ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
(OFF)Ph;-377879

ကမ္ဘာအေးစွန်းလွန်းဆရာတော် မွေးနေ့ကံထပ်ပွဲ

ကမ္ဘာအေးစွန်းလွန်းဆရာတော် **အရှင်ဝိနယ** ၏ (၉၄)နှစ်မြောက် မွေးနေ့ဖြစ်သော ၁၃၆၉ခုဝါခေါင်လပြည့် (၂၈-၈-၂၀၀၇ရက်) အင်္ဂါနေ့ နံနက် ၆း၃၀နာရီတွင် ဆရာတော်အား ယောဂီများစုပေါင်း၍ သိက္ခာထပ်ပါမည်။

ကမ္ဘာအေးစွန်းလွန်း ပဋိပတ္တိသာသနာနုဂ္ဂဟအဖွဲ့။

စီးပွားဖြစ်အချိုရည်၊ဖျော်ရည်၊ဂျယ်လီထုတ်လုပ်နည်းသင်တန်း
ရေခဲမုန့်၊ မစ်ဗိုက်၊ ဒိန်ချဉ်၊ အအေးစုံ၊ ကိတ် နှင့် မုန့်ဖုတ်သင်တန်း
သင်တန်းရက်-၁ (20-8-07) မှ (25-8-07) သင်တန်းရက်-၂ (22-8-07) မှ (27-8-07)
Master စားသောက်ကုန်သင်တန်း၊ အမှတ်(၁၄၇)၊၂၇-လမ်း(လယ်)၊စူပါတိုင်းမ်(နာရီဆိုင်အပေါ်ထပ်)ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်။ :09-5134497

အမည်ပြောင်း

အဖ ဦးဇော်ထူးအောင်၏သား အထက(၅)မရမ်းကုန်း ဒုတိယတန်း (C)မှ မောင်အောင်သီဟဖြိုးအား မောင်ဖြိုးဟိန်းကျော်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဖြိုးဟိန်းကျော်။**

SAYA-TONY

O.B.F Language School
အင်္ဂလိပ်စကားပြန်ဟောင်း
ဘာသာပြန်ဆရာ(SHELL)

IELTS/EFB (English for Business UK)

- Spoken English Course
- Grammar & Essay Writing Course
- All Round Development (4 Skills)
- Foreign Going English Course

အမှတ်(၉၁)၊ပထမထပ်၊ ဗိုလ်ဆွန်ပက်လမ်း(မောင်ထော်လေးလမ်း)၊ အောက်ဘလောက်၊ပန်းဘဲတန်းမြို့နယ်။ ဖုန်း-၂၅၀၃၄၀

ကားရောင်းမည်

86/ Toyota Sprinter
ဗ/၆၀၀ကျော်
ဖုန်း-၀၉-၅၁-၄၇၆၃၃။

ကလေးနာမည်ပေး ဆရာကြီးရာဇာဇော်ဝင်း
(L.L.B.)နှင့်ဆက်သွယ်ပါ။(ပိတ်ရက်မရှိ)
☎ 01- 394727,09-5123509

PRESENTED BY
YANGON ENTERTAINMENT

Yangon Entertainment မှ စီစဉ်တင်ဆက်ပြီး၊ မြန်မာဘောလုံးဝါသနာရှင်များ အထူးနှစ်မြို့က်အားပေးစောင့်မျှော်ကြည့်ရှုကြသည့် နိုင်ငံတကာဘောလုံးပွဲစဉ်များအား မည်သည့်အပိုဆောင်းကုန်ကျစရိတ်မျှမရှိဘဲ အခမဲ့ကြည့်ရှုနိုင်ရန် မြဝတီရုပ်မြင်သံကြားမှတစ်ဆင့် (Free to Air) စံနစ်ဖြင့် ထုတ်လွှင့်ပြသလျက်ရှိသည့် အစဉ်အလာအတိုင်း 2007-08 FA Cup,England Home Game Matches,Euro 2008 ဘောလုံးပွဲစဉ်များအပြင်၊ အခြားစိတ်ဝင်စားဖွယ် နိုင်ငံတကာဘောလုံးပွဲစဉ်များအား ထုတ်လွှင့်ပြသသွားမည်ဖြစ်ပါသည်။ ယခုတွင်လည်းအောက်ဖော်ပြပါ အင်္ဂလန်လက်ရွေးစင်အသင်း ၏ International Friendly Matches ဘောလုံးပွဲစဉ်များကို မြဝတီရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်ဖြစ်ပါသည်။

၂၂-၈-၂၀၀၇ အင်္ဂလန် - ရိုမေးနီးယား
၂၃-၈-၂၀၀၇ အင်္ဂလန် - ဂျာမနီ

GRAND WYNN GROUP OF COMPANIES (HEAD OFFICE)
YANGON ENTERTAINMENT CO., LTD.

ENGLAND GERMANY

SPONSORED BY LOLANE HAIR CARE, Whita care SKIN CARE, Rico PERFUME, RINA PERFUME

ကြော်ငြာထည့်သွင်းလိုပါကဆက်သွယ်ရန်
ဦးအယ်(လ်)လမိန်းဒိန် ၊ မခင်စန္ဒာသင်း ၊ မလွင်လွင်သန့် ။ အမှတ်(၄၀) ၆ဂုလမ်း ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း (၉၅၁)၂၉၀၁၇၀ ၊ ၂၉၀၄၀၄၅ ၊ ၂၉၁၃၁၈ ၊ ၀၉၉၀ ၃၂၁၀၁ ၊ ၀၉၉၀ ၃၂၁၆၃ ဖက်(စ်) ၂၉၆၉၂၈

ရန်ကုန်တိုင်း စာရင်းရုံးမိသားစု သွေးလှူရှင်ဝန်ထမ်းများ ပြည်သူ့ကျန်းမာရေးအကျိုးပြုရန် ရည်ရွယ်ချက်ဖြင့် တတိယအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ဩဂုတ် ၁၆ရက်က ရန်ကုန်မြို့ အမျိုးသားသွေးဌာန၌ ကျင်းပရာ သွေးလှူရှင် ၂၀ လာရောက်လှူဒါန်းကြစဉ်။ (က-ပ)

ဆရာဝန်အသင်း သင်တန်းပို့ချမည်

ရန်ကုန် ဩဂုတ် ၁၇

မြန်မာနိုင်ငံ ဆရာဝန်အသင်း စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးယူနစ်(CME)မှ အထွေထွေရောဂါကုဆရာဝန်များအတွက် Emergency Management for GPs (2007) သင်တန်းကို စက်တင်ဘာ ၁ရက်မှ ဒီဇင်ဘာ ၈ရက်အထိ (စနေ၊ တနင်္ဂနွေနေ့)များ၌ မွန်းတည့် ၁၂နာရီမှ ညနေ ၃နာရီအထိ ထပ်မံ၍ သင်တန်းပို့ချမည်ဖြစ်ရာ တက်ရောက်လိုသော ဆရာဝန်များသည် ဩဂုတ် ၂၇ရက်မှ ၃၀ရက်အတွင်း နံနက်၁၀နာရီမှ ညနေ၃နာရီအထိ တက်ရောက်မည့်သူကိုယ်တိုင် စာရင်းသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(က-ပ)**

လှည်းကူး ရွှေဘုန်းပွင့်စေတီလမ်း ကျောက်ခင်းရန်လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၇

လှည်းကူးမြို့မှ ကံ့ကော်ကျွန်းတောရရိပ်သာကျောင်းတိုက် မဟာသတ္တဌာနဘုရားများနှင့် ရှေးဟောင်းသမိုင်းဝင် ရွှေဘုန်းပွင့်စေတီကုန်းမြေအရောက် နှစ်မိုင်ရှိသောလမ်းကို ဂဝံကျောက်ခင်းလျက်ရှိရာ ဦးသန်းတင်၊ ညီမ ဒေါ်သောင်းညွန့်၊ ရန်ကုန်မြို့က ငွေကျပ်၂၀၀၀၀၊ သမီး မမြတ်နှင်းခိုင်၏မွေးနေ့အလှူ ဦးမောင်မောင်ကြီး-ဒေါ်ကျင်သန်း အင်းစိန်မြို့က ငွေကျပ် ၅၀၀၀၀၊ ဦးမြတ်သာ-ဒေါ်ရီရီ မိသားစုနှင့် ဒေါ်တင်စိန်မိသားစု ပုဇွန်တောင်က ငွေကျပ်၄၅၀၀၀တို့ကို ပဓာနနာယကဆရာတော်ထံလာရောက်လှူဒါန်းကြသည်။ လှူဒါန်းလိုသူများသည် ဦးအံ့ကူး ဖုန်း-၀၉-၅၀-၀၁၀၈၀၊ ဦးစောမောင် ဖုန်း-၆၂၉၁၄၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

သင့်သွေးဖြင့် အသက်ကယ်ပါ

မော်လမြိုင်မြို့ သောက်သုံးရေပေးဝေရန် ရေစုကန်ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၇

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းသည် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ဝင်းနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါ၍ ဩဂုတ် ၁ ရက်က မော်လမြိုင်မြို့ သောက်သုံးရေပေးဝေရေးလုပ်ငန်း၊ ရေစုကန်ရေထိန်းသိမ်းရေးနှင့် ဖြန့်ဖြူးရေး ဆောင်ရွက်လျက်ရှိသည့် မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ရေဂါလန် ၁၅သိန်းဆံ့ ရေစုကန်သို့ရောက်ရှိရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးဆွေက မော်လမြိုင်မြို့နယ်အတွက် သောက်သုံးရေဖြန့်ဝေရေး၊ ကန်သုံးကန်ရှိ ရေစုကန်တွင် ရေဂါလန် ၁၅သိန်း စုဆောင်းထားရှိမှု၊ ရေထိန်းသိမ်းရေးနှင့် ဖြန့်ဖြူးရေးလုပ်ငန်းများဆောင်ရွက်နေမှုတို့ကို ရုပ်ပုံကားချပ်တို့ဖြင့် ကဏ္ဍအလိုက် ရှင်းလင်းတင်ပြသည်။ **(အပေါ်ပုံ)**

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်သက်နိုင်ဝင်းက ရေဂါလန် ၁၅ သိန်းဆံ့ ရေကန်ပြုပြင်ဆောင်ရွက်ထားမှု၊ ရေများဖြည့်သွင်းထားရှိမှု၊ ရေစုကန်ထိန်းသိမ်းထားမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ရေလေလွင့်ပြုန်းတီးမှုမရှိရေး၊ စဉ်ဆက်မပြတ် ကြပ်မတ်စစ်ဆေး မှတ်တမ်းထားရှိမှုများကို မှာကြားသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ၄ ရပ်ကွက် အောင်မင်္ဂလာလမ်း အမှတ်(၁၆၅)နေ ဦးကျော်ဝင်း-ဒေါ်စိန်မြင့် မိသားစုက ငွေကျပ်နှစ်သိန်းလှူဒါန်းရာ စေတီတော် ဂေါပကအဖွဲ့ဝင် ဦးအုန်းကြိုင်၊ ဦးဘချို့နှင့်ဦးအေးမြင့်တို့က ဂုဏ်ပြု မှတ်တမ်းလွှာကို အလှူရှင်သို့ ပေးအပ်စဉ်။ (က-ပ)

သတ္တုတွင်းဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် သန်လျင်မြို့ ခဲမဖြူသတ္တုစင်စက်ရုံ ကြည့်ရှုစစ်ဆေး စက်သုံးဆီချွေတာရေးနှင့်အလေအလွင့်မရှိရေး ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၇

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ဩဂုတ် ၁၂ ရက် နံနက်က ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် သန်လျင်မြို့နယ်ရှိ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၏ ခဲမဖြူသတ္တုစင်စက်ရုံ ရှင်းလင်းဆောင်၌ ဝန်ကြီးက စက်သုံးဆီချွေတာအသုံးပြုရေးနှင့် အလေအလွင့်မရှိစေရေး၊ စက်များ ကြံ့ခိုင်ကောင်းမွန်အောင် အထူးဂရုပြု၍ ဆောင်ရွက်ကြရန်မှာကြားပြီး စက်ရုံဝင်းအတွင်း စိုက်ပျိုးထားသော ကြက်ဆူစေ့နှင့် သီးပင်များကို ကြည့်ရှုသည်။

စိုက်ခင်းများစစ်ဆေး

ထို့နောက် စက်ရုံဝင်းအတွင်း Anode သွန်းလောင်းပုံ၊ Electrolytic Cell Operation ပြုလုပ်ခြင်း၊ စက်ရုံထိန်းချုပ်ခန်းနှင့် Tin Concertrate များ စုပုံထားရှိမှုများ၊ စက်မှုအလုပ်ရုံ၌ စက်အရန်ပစ္စည်းများ တွင်ခုတ်စားနေမှု၊ 1 Ton Shme Plant မှ သတ္တုကျိုချက်မှုများကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံဝင်းအတွင်းရှိ စိုက်ခင်းများကို လှည့်လည်စစ်ဆေးသည်။

ဓာတ်ဆားမှုန့်များ ထုတ်လုပ်

မွန်းလွဲပိုင်းတွင် ဝန်ကြီးနှင့်အဖွဲ့သည် သာကေတမြို့နယ်ရှိ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၏ သာကေတ ဓာတ်ဆားမှုန့်စက်ရုံသို့ ရောက်ရှိပြီး စက်ရုံခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဝန်ကြီးက ဓာတ်ဆားမှုန့်များကို ပြည်သူလူထုအတွက် ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်ဖြန့်ဖြူးရန်၊ အလေအလွင့်များမရှိစေရန် အထူးဂရုပြု၍ ဆောင်ရွက်ကြရန်မှာကြားပြီး ဓာတ်ဆားမှုန့်များထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခပေါင်းရေအားလျှပ်စစ်စီမံကိန်း ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်း ကြည့်ရှုစစ်ဆေး ကီလိုဝပ်နာရီသန်းပေါင်း ၁၁၇သန်း ဖြန့်ဖြူးမည်

နေပြည်တော် ဩဂုတ် ၁၇

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းသည် ဒုတိယဝန်ကြီးဦးမျိုးမြင့်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ အုတ်တွင်းမြို့ အနောက်ဘက် ၁၅ မိုင်ခန့်အကွာ ခပေါင်းချောင်းပေါ်၌ တည်ဆောက်အကောင်အထည် ဖော်လျက်ရှိသော ခပေါင်းရေအားလျှပ်စစ် စီမံကိန်းသို့ ဩဂုတ်၁၃ရက်နံနက်က ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဝန်ကြီးအား စီမံကိန်း ရှင်းလင်းဆောင်၌ စီမံကိန်းညွှန်ကြားရေးမှူး ဦးမော်သာထွေးနှင့် စက်မှုနှင့်လျှပ်စစ်တပ်ဆင်ရေး ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းတို့က ဓာတ်အားပေးစက်ရုံ၌ လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် ဝန်ကြီး ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တာဝန်ရှိသူများနှင့်အတူ ဓာတ်အားပေးစက်ရုံ Unit (1), Unit(2) တို့၌ Turbineတပ်ဆင်ရန်အတွက် Lower Bracket များ တပ်ဆင်ခြင်း၊ Stator များ တပ်ဆင်ခြင်းလုပ်ငန်း၊ ဓာတ်အားမြှင့် သံမဏိပိုက်လိုင်း တပ်ဆင်ခြင်း လုပ်ငန်း၊ Switch Yard တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုနှင့် ရေဂိတ်တံခါးနှင့် ရေဝင်ရောက်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထုတ်လုပ်ဖြန့်ဖြူး

အဆိုပါ ခပေါင်းရေအားလျှပ်စစ်စီမံကိန်းပြီးစီးပါက ၁၅မဂ္ဂါဝပ် အင်အားရှိ ဓာတ်အားပေးစက်နှစ်လုံး၊ စုစုပေါင်းစက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၃၀ မှ လျှပ်စစ်ဓာတ်အား နှစ်စဉ်ပျမ်းမျှ ကီလိုဝပ်နာရီသန်းပေါင်း ၁၁၇သန်း ထုတ်လုပ်ဖြန့်ဖြူးပေးသွားမည် ဖြစ်သည်။

ကြည့်ရှုစစ်ဆေး

ယင်းမှတစ်ဆင့် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် တောင်ငူမြို့ အရှေ့မြောက်ဘက် ၁၀မိုင်ခန့်အကွာ ပသိချောင်းတမံအနီး၌ တည်ဆောက်အကောင်အထည် ဖော်လျက်ရှိသော ပသိရေအားလျှပ်စစ် စီမံကိန်းသို့ ရောက်ရှိကြပြီး စီမံကိန်းမှ တာဝန်ရှိသူများနှင့်အတူ တည်ဆောက်ဆဲ ဓာတ်အားပေးစက်ရုံ တပ်ဆင်ပြီးစီးမှုနှင့် စက်ပစ္စည်းများရောက်ရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးအား စီမံကိန်း ရှင်းလင်းဆောင်၌ အင်ဂျင်နီယာမှူးကြီး ဦးသိန်းဇော်နှင့် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကြည်သာတို့က ဓာတ်အားပေးစက်များ တပ်ဆင်မှုနှင့် ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

(သတင်းစဉ်)

ကျန်းမာရေးအလှကုန်ပစ္စည်းသစ် မိတ်ဆက်

ရန်ကုန် ဩဂုတ် ၁၇

ရွှေပန်းတိုင် ထရေးဒင်း ကုမ္ပဏီလီမိတက်က တင်သွင်းသော HEALTHY SHOP (PARIS) ကျန်းမာရေးအလှကုန်ပစ္စည်း၊ ကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲနှင့် အနုပညာရှင် Member သုံးဦးတို့ မွေးနေ့ပွဲ အခမ်းအနားကို ဩဂုတ် ၁၂ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ရှိ HEALTHY SHOP (PARIS) ရုံးချုပ် အမှတ် ၁၉၉ အနော်ရထာလမ်း လမ်းမတော်မြို့နယ်၌ ကျင်းပသည်။

ရှေးဦးစွာ ရွှေပန်းတိုင် ထရေးဒင်း ကုမ္ပဏီလီမိတက် အထွေထွေမန်နေဂျာ ဦးထွန်းလင်းက အလှကုန် ပစ္စည်းသစ် ဖြစ်သော Two Way Powder အကြောင်းကို ရှင်းလင်းပြောကြားပြီး **(အောက်ပုံ)** ဩဂုတ်လတွင်ကျရောက်သော အနုပညာရှင် Member များ ဖြစ်ကြသည့် ချစ်သုဝေ၊ ရတနာမိုင်နှင့် သိင်္ဂီထွန်းတို့၏ မွေးနေ့ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

ထို့နောက် HEALTHY SHOP (PARIS) မှ ယခုအသစ်တင်သွင်းသည့် Two Way Powder သည် သဘာဝဂျင်ဆင်းမြစ်မှ ထုတ်လုပ်ထားခြင်းဖြစ်ပြီး မျက်နှာအဆီပြန်သူများအတွက် အထူးသင့်တော်ကာ အရောင်လေးမျိုး ထုတ်လုပ်ထားသည်။ အဆိုပါ ကုန်ပစ္စည်းသစ်အပြင် ကျန်းမာရေး အလှကုန်ပစ္စည်း အမျိုးပေါင်း ၁၇၀ ကျော်ကိုလည်း HEALTHY SHOP (PARIS) မှ ဖြန့်ဖြူးလျက်ရှိသည်။

သင်ကြားမည်

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ရွှေပန်းတိုင်ထရေးဒင်းကုမ္ပဏီလီမိတက်ကတင်သွင်းသော HEALTHY SHOP (PARIS) အလှကုန်ပစ္စည်းများ ဖြန့်ဖြူးရောင်းချနေသော အသင်းဝင် Member များအား ထိုင်းနိုင်ငံမှ မိတ်ကပ်ပညာရှင်တစ်ဦးက မိတ်ကပ်နှင့်ပတ်သက်သော အလှပြင်သင်တန်းကို ဩဂုတ် ၂၁ ရက်တွင် လာရောက်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

စုပေါင်းသန့်ရှင်း

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပရေးအတွက် ဇူလိုင် ၃၀ရက်က ဒုတိယဦးစီးမှူး(သန့်) ဦးတင်ကိုလွင် ဦးဆောင်သောအဖွဲ့ဝန်ထမ်းများ မင်းရဲကျော်စွာလမ်းဘေး ဝဲယာတစ်လျှောက် သစ်ပင်ချုံနွယ်များ စုပေါင်းသန့်ရှင်းမှုကို အမှုဆောင်အရာရှိ ဦးမင်းဇော် ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဩဂုတ် ၁၃ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ကန်တော်ကလေး(တောင်ပိုင်း)ရပ်ကွက်နှင့် ကန်တော်ကလေး (အနောက်ပိုင်း) ရပ်ကွက်တို့ စုပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ပညာပေးဟောပြောပွဲကို ဓမ္မရက္ခိတ ဓမ္မာရုံတွင်ကျင်းပရာ ကန်တော်ကလေး(တောင်ပိုင်း)ရပ်ကွက်ဥက္ကဋ္ဌ ဦးမျိုးခိုင်က ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ရပ်ကွက်ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးစဉ်။ (၂၅၉)

တန့်ဆည် ကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပညာရည်ချွန်ဆုနှင့် အဆိုပြုလွှာပေးအပ်

တန့်ဆည် ဩဂုတ် ၁၃

တန့်ဆည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ နှစ်ပတ်လည် သင်းလုံးကျွတ်အခမ်းအနားကို ဩဂုတ် ၉ ရက်က မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးတွင် ကျင်းပရာ သဘာပတိ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက မြို့နယ်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အမှုဆောင်တစ်ဦးက တန့်ဆည်မြို့နယ် အသင်းအမှုဆောင်အဖွဲ့၏ ၂၀၀၆ ခုနှစ် တစ်နှစ်တာအတွင်း လုပ်ငန်းဆောင်ရွက်ချက်များတင်ပြပြီး ထူးချွန်ကျောင်းသား ငါးဘာသာဂုဏ်ထူးရှင် ခုနစ်ဦးနှင့် လေးဘာသာဂုဏ်ထူးရှင် သုံးဦးတို့အား ဆုငွေကျပ်၂၇၀၀၀၀ တို့ကို ချီးမြှင့်သည်။

ထို့နောက် ဝန်ထမ်းပေါင်းစုံအဆိုပြုလွှာကို မြို့နယ်ရဲတပ်ဖွဲ့မှူးက ပေးအပ်ပြီး အမှုဆောင်တစ်ဦးက လက်ခံယူသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေး)**

ထန်းတပင်မြို့နယ် အနောက်ပိုင်းတက္ကသိုလ်အဝင် ကွန်ကရစ်လမ်း ပြင်ဆင်ခြင်းလုပ်ငန်းကို ဇူလိုင် ၂၇ ရက်က ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူးကြီး ဦးသိန်းလှိုင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သာစည်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကြီးမှူး အမျိုးသမီးရေးရာ စေတနာ့ညကျောင်းဖွင့်၊ အလှူငွေပေးအပ်

သာစည် ဩဂုတ် ၁

သာစည်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ အမျိုးသမီးရေးရာ စေတနာ့ညကျောင်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၃ရက် ညနေ ၄နာရီက အမှတ်(၅)နယ်မြေ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

ရည်ရွယ်ချက်

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်အောင်က အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်နုက အမျိုးသမီးရေးရာ စေတနာ့ညကျောင်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ထို့နောက် အမျိုးသမီးရေးရာ စေတနာ့ညကျောင်းအတွက် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်အောင်က ငွေကျပ် ၁၀၀၀၀၀ ပေးအပ်လှူဒါန်းရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်နုက လက်ခံယူသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

(၁၆)ကြိမ်မြောက် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် အင်းစိန် အထွေထွေရောဂါကု ဆေးရုံကြီးတွင် ဩဂုတ် ၇ ရက်က ရင်သွေးငယ်များရှင်သန်ရေး မွေးပြီးမနေး မိခင်နို့တိုက်ပေး ဆောင်ပုဒ်ဖြင့် ပညာပေး ဟောပြောပွဲကို ဆေးရုံ သားဖွားမီးယပ်ဆောင်၌ ကျင်းပရာ သဘာပတိ ဆေးရုံအုပ်ကြီး ဒေါက်တာတင်အေးမြင့်က အဖွင့်အမှာစကားပြောကြားပြီး သားဖွားမီးယပ် အထူးကု ဆရာဝန်ကြီး ဒေါက်တာ သီတာဆွေက သားဖွား မီးယပ်အကြောင်းကို ကိုယ်ဝန်ဆောင် မိခင်လောင်းများအား ဟောပြောစဉ်။ (ဝ၄၆)

ချမ်းအေးသာစံ အထက(၁၁)၌ စုပေါင်းသစ်ပင်စိုက်ပျိုး

မန္တလေး ဩဂုတ် ၈

မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် အမှတ် (၁၁) အခြေခံပညာ အထက်တန်းကျောင်းနှင့် ကျောင်းဝန်းကျင် စိမ်းလန်း စိုပြည်ရေးနေ့ အဖြစ် စုပေါင်းသစ်ပင် စိုက်ပျိုးပွဲတော်ကို ကျောင်း စုဝေးသဘင်၌ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးတင်မောင်မြင့်က ၂၀၀၇ခုနှစ် ကျောင်းနှင့် ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့အကြောင်း သိမှတ်စရာများကို ဟောပြောပြီး ကျောင်းအုပ်ဆရာကြီး ဦးတင်မောင်မြင့်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကျောင်းဝင်းအတွင်းရှိနေရာ လွတ်နှင့် ကျောင်းမျက်နှာစာများတွင် နှစ်ရှည် အရိပ်ရပင်များကို စိုက်ပျိုးကြသည်။

အဆိုပါကျောင်းနှင့် ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ သစ်ပင်စိုက်ပျိုးပွဲကို ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်းအင်အား ၅၀၀ ကျော်ဖြင့် အရိပ်ရအပင်၊ စားသီးနှံပင်နှင့် ပန်းအလှပင် ၃၀၀ ကျော်ကို စိုက်ပျိုးကြကြောင်းသိရသည်။ (၁၆၂)

လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ယုဇနလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းဆောင် ရွက် မှု ကို ဇူလိုင် ၁၆ ရက်က က ယား ပြည် နယ် စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးညိုဝင်း ကွင်းဆင်းစစ်ဆေးရာ အင် ဂျင် နီ ယာ မှူး ဦး အောင် သန်း က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အခြေခံပညာ ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဝန်ထမ်းသားသမီးများ ရွှေတောင် အဆင့်မြင့်ချည်မျှင်အထည်နှင့်အချောကိုင်စက်ရုံ၌ ဆုချီးမြှင့်

ရွှေတောင် ဩဂုတ် ၁၃

အမှတ်(၁) စက်မှုဝန်ကြီးဌာနလက်အောက်ရှိ စက်ရုံများဖြစ်ကြသည့် ရွှေတောင် အဆင့်မြင့်ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ၊ ကြံခင်းဘိလပ်မြေစက်ရုံ၊ သရက်ဘိလပ်မြေစက်ရုံ၊ မြစ်နွားအချိုရည်နှင့် ရေခဲစက်(ပြည်)၊ စက်မှုကုန်ကြမ်း (ပြည်)မှ ၂၀၀၆-၂၀၀၇ ခု ပညာသင်နှစ်တွင် အခြေခံပညာ သူငယ်တန်းမှ နဝမတန်းအထိ အတန်းလိုက် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၁ရက် နံနက် ၁၁နာရီက ရွှေတောင်အဆင့်မြင့် ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံရှိ ဝိဇယမင်္ဂလာခမ်းမရုံကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်နှင့် စက်ရုံမှူးများ၊ ဒုတိယစက်ရုံမှူးများ၊ ဌာနကြီးမှူးများ၊ အလုပ်ရုံခွဲမှူးများ၊ စုမှူး/စိတ်မှူးများ၊ ဆုရ ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ဆုချီးမြှင့်ခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး ဆုရကျောင်းသား ကျောင်းသူများအား ဦးဆောင်ညွှန်ကြားရေးမှူး၊ စက်ရုံမှူးများ၊ ဒုတိယစက်ရုံမှူးများနှင့် ဌာနကြီးမှူးများက တစ်ဦးချင်းဆုများ ချီးမြှင့်ကြသည်။**(အပေါ်ယာပုံ)** အဆိုပါ သူငယ်တန်းမှ နဝမတန်းအထိ တစ်ကျောင်းလုံး အတန်းလိုက် ပထမဆုရရှိသူ ၁၁၈ဦးအား တစ်ဦးလျှင်ငွေကျပ် ၁၀၀၀၀စီဖြင့် ဆုကြေးငွေကျပ် ၁၁၈၀၀၀၀ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(၁၁၆)**

မင်းတပ်၌ သောက်သုံးရေဖူလုံရေး ဆောင်ရွက်

မင်းတပ် ဩဂုတ် ၁၀

ချင်းပြည်နယ် မင်းတပ်မြို့ သောက်သုံးရေဖူလုံရေးအတွက် နိုင်ငံတော်က ထောက်ပံ့ငွေကျပ် သိန်း ၅၀ ဖြင့် ဆောင်ရွက်သော ၈/၄ မိုင် ရေစုကန်မှ မင်းတပ်မြို့အထိ လေးလက်မ ပီဗွီစီရေပိုက်လိုင်း အစားထိုးလဲလှယ် တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဩဂုတ်၇ရက်က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းမြင့်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ဆွေက လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

ဒဂုံမြို့နယ် ဗိုလ်ရာညွန့်လမ်း အမှတ် ၁၉ နေ ဦးရှိန်ဝင်း-ဒေါ်ခင်ချို၊ သား ကောင်းထိုက်ထွန်း မိသားစုက ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ် ၂ အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌကိုယ်စား အုပ်ချုပ်ရေးမှူးချုပ် ဦးပြုံးက လက်ခံယူစဉ်။ (က-ပ)

တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ စစ်တက္ကသိုလ်နှင့် တပ်မတော်နည်းပညာတက္ကသိုလ် ကြည့်ရှုလေ့လာ

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် Jinan Military Region Command မှ Political Commissar General, Liu Dongdong အား မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Jinan Military Region Command မှ Political Commissar General, Liu Dongdong ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Senior Colonel, Fang Liang Feng နှင့် တာဝန်ရှိသူများလိုက်ပါ၍ ဩဂုတ် ၁၆ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့်ထွက်ခွာလာရာ နံနက် ၈နာရီခွဲတွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

အမျိုးသားညီလာခံသဘာပတိအဖွဲ့၏ ကောက်နုတ်စုစည်းချက်များကို ဆက်လက်ဖော်ပြသွားပါမည်

ရန်ကုန် ဩဂုတ် ၁၇

အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးအကြံပြုချက်စာတမ်းများအပေါ် အမျိုးသားညီလာခံစုံညီအစည်းအဝေး အလုပ်ကျသဘာပတိအဖွဲ့ဝင်များဖြစ်သော တိုင်းရင်းသားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်လှ (ခေါ်) ဦးလှမြင့်၊ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကံညွန့်၊ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကျော်ဝင်းထွန်းနှင့် အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာမောင်မောင်ဝင့်တို့ ဖတ်ကြားတင်ပြသည့် ကောက်နုတ်စုစည်းချက်များကို ဆက်လက်ဖော်ပြသွားမည်ဖြစ်ပါသည်။

(သတင်းစဉ်)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးအတွက် ခြင်ဆေးဖျန်း၊ ခြင်ဆေးငွေ့မှုတ်ခြင်း လက်တွေ့သရုပ်ပြ

ရန်ကုန် ဩဂုတ် ၁၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (အင်းစိန်မြို့နယ်တာဝန်ခံ) အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဩဂုတ် ၁၄ရက် မွန်းလွဲပိုင်းက အင်းစိန်မြို့နယ် ကမ်းနားလမ်းအလယ်ရပ်ကွက် ဖန်စက်လမ်းရှိ အင်းစိန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပသော အင်းစိန်မြို့နယ်အသင်းသို့ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်း၊ ခြင်ဆေးငွေ့မှုတ်စက်နှစ်လုံး ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်သည်။

စာမျက်နှာ ၈ ကော်လံ ၅ ■

ခြင်ဆေးငွေ့မှုတ်စက် လက်တွေ့သရုပ်ပြ

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် အင်းစိန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်း၊ ခြင်ဆေးငွေ့မှုတ်စက် လက်တွေ့သရုပ်ပြဆောင်ရွက်မှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဧရာဝတီနှင့် စစ်တောင်းမြစ်ရေ အခြေအနေ

နေပြည်တော် ဩဂုတ် ၁၇

ဧရာဝတီမြစ်ရေသည် ယနေ့နံနက်၆နာရီခွဲ တိုင်းထွာချက်အရ ဟင်္သာတမြို့တွင် စင်တီမီတာ ၁၃၆၀ သို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက်၌ ၁၈စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်၂၄နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၃၄၂စင်တီမီတာအောက်သို့ ကျဆင်းနိုင်သည်။

စစ်တောင်းမြစ်ရေသည် ယနေ့နံနက်၆နာရီခွဲ တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၁၃၄စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက်၌ ၆၄စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်၇၂နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၀၇၀ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာထားသည်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင် ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- ✻ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

18-8 (20) 1 8/18/07, 2:14 AM